ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း၁၀ ရက်၊ တနင်္ဂနွေနေ့၊ (24-6-2007) (၅၃၅၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင် မိုင်းယန်းမြို့နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတက်ရောက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းပေးအပ်ပွဲတွင် အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဇွန် ၈ ရက် မွန်းလွဲပိုင်းတွင် မိုင်းယန်းတပ်နယ်ရှိ ရန်မျိုးအောင်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံပြီး တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဇွန် ၉ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မိုင်းယန်းတပ်နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့်အတူ ခြံစည်းရိုးကြက်ဆူ ပျိုးပင်များကို စုပေါင်းစိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းယန်းတပ်နယ် နယ်မြေခံတပ်ရင်းများရှိ ခြံစည်းရိုးကြက်ဆူ စိုက်ခင်းများ၏ ရှင်သန်အောင်မြင် ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုင်းယန်းမြို့နယ် ခြံစည်းရိုးကြက်ဆူပျိုးခြံ၌ ကျင်းပသည့် မြို့နယ် ဌာနဆိုင်ရာများနှင့် ဒေသခံ ပြည်သူများ၏ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျောက်ကျော်ဝင်းက မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှု၊ မျိုးစေ့၊ ပျိုးပင်နှင့် မျိုးကိုင်းများ စုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တက်ရောက်လာကြသည့် မြို့နယ် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စု ကိုယ်စားလှယ်များထံသို့ ခြံစည်းရိုးကြက်ဆူ ပျိုးပင်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့က တက်ရောက်လာကြသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူ ပျိုးပင်များအား သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ပျိုးပင်များ ပေးအပ်

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းယန်းတပ်နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များအား ခြံစည်းရိုးကြက်ဆူ ပျိုးပင်များ ပေးအပ်စဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန် မင်းပြားမြို့နယ် ကမ်းနီကျေးရွာ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မှုစစ်ဆေး ကျောက်တော်မြို့နယ်အတွင်း ဌာနဆိုင်ရာများနှင့်ပြည်သူများ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုကို ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၆ ရက် နံနက် ၁၀နာရီခွဲက မင်းပြားမြို့နယ် ကမ်းနီကျေးရွာ အလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းက ကျောင်းဆောင်သစ် ဆောက်လုပ်မှုအခြေအနေနှင့် ပစ္စည်းများ ဝယ်ယူစုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ ကျောင်းဆောင်အား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၂၀၀ ၊ အနံ ပေ ၃၀၊ အမြင့် ၂၂ ပေ ရှိ စာသင်ခန်းရှစ်ခန်းပါ နှစ်ထပ်စာသင်ဆောင်ဖြစ်ပြီး စာသင်ဆောင်အား ပညာရေးဌာနမှ ခွင့်ပြုငွေနှင့် ပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးသည် အဆိုပါကျောင်းဝင်းအတွင်း ပြန်လည်ပြုပြင်ထားသော နှစ်ထပ်စာသင်ဆောင်နှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားညွှန်ကြားပြီး ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကမ်းနီကျေးရွာနှင့် ချဲရွာ ရွာချင်းဆက်လမ်းပေါ်ရှိ ချောင်းကူးတံတား အမှတ်(၁)အား ပေ ၄၀ ရှည် သစ်သားတံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် တာဝန်ရှိသူများက တံတားတည်ဆောက်မှု အခြေအနေများအား ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားညွှန်ကြားပြီး ဆောင်ရွက်ပေးသည်။

မွန်းလွဲ ၁ နာရီတွင် တိုင်းမှူးသည် မြောက်ဦးမြို့နယ် ရွက်မညိုးကျေးရွာသို့ သွားရောက်၍ အများသုံး သောက်သုံးရေကန်မှ ရေရရှိသုံးစွဲမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေကန်တူးဖော်ဆောင်ရွက်မှုနှင့် သောက်သုံးရေများ ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ *

ယနေ့မိုးလေဝသ

၂၄-၆-၂၀၀၇

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၄-၆-၂၀၀၇
(တနင်္ဂနွေနေ့)

မြန်မာ့ခရီးသွား စီးပွားလုပ်ငန်း မြှင့်တင်ကြိုးပမ်း

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာ၌ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသော စီးပွားရေးလုပ်ငန်း တစ်ရပ်ဖြစ်သည်။ မိမိတို့နိုင်ငံအလိုက် ထင်ရှားကျော်ကြားသော ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ၊ သဘာဝ အလှအပရှုခင်းများ တည်ရှိသည့်နေရာများကို စနစ်တကျ ထိန်းသိမ်းမြှင့်တင်၍ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးရေး ကြိုးပမ်းနေကြသည်။

မြန်မာနိုင်ငံတွင် သဘာဝက ပေးအပ်ထားသော ရေ မြေ တောတောင်ရှုခင်းများနှင့် ပင်လယ်ကမ်းခြေအလှအပများရှိသည်။ ရှေးနှစ်ပေါင်းများစွာကပင် ဖြစ်တည်ထွန်းကားခဲ့သော အနုပညာ၊ ယဉ်ကျေးမှုတို့ တည်ရှိရာ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများ၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာဓလေ့လုပ်ငန်းများကို တွေ့မြင်လေ့လာနိုင်သည်။

ထို့အပြင် နိုင်ငံ၏ တည်ငြိမ်အေးချမ်းသာယာမှုနှင့် ပြည်သူတို့၏ ဖော်ရွေပျူငှာမှု၊ ဧည့်ဝတ်ကျေပွန်မှုများကလည်း ကမ္ဘာလှည့်ခရီးသည်များအား လာရောက်လည်ပတ်ရန် ဖိတ်ခေါ် ဆွဲဆောင်နေသည်။

မြန်မာနိုင်ငံသို့ ၂၀၀၆ ခုနှစ်က ကမ္ဘာလှည့်ခရီးသည် ခြောက်သိန်း ကျော်လာရောက်ခဲ့သည်။ မကြာမီကာလအတွင်း ခရီးသည်တစ်သန်း ခန့် လာရောက်မည်ဟု မျှော်မှန်းထားသည်။ ခရီးသည်များ တိုးတက်ရောက်ရှိလာပါက ရန်ကုန်မြို့တွင်သာမက မန္တလေးမြို့၊ ပုဂံဒေသ၊ အင်းလေး စသည့် ဒေသများတွင် ခေတ်မီဟိုတယ်များ၊ နိုင်ငံတကာ အဆင့်မီ ဝန်ဆောင်မှုနှင့် ပို့ဆောင်မှုလုပ်ငန်းများ ပိုမို ကောင်းမွန် ပြည့်စုံရေး စီစဉ်ထားကြရမည် ဖြစ်သည်။

အဆင့်မီ ဟိုတယ်သစ်များ တိုးချဲ့တည်ဆောက်ရာတွင် ခေတ်မီ ခမ်းနားသော အသွင်အပြင်မျိုးထက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ဟန်များ ပေါင်းစပ်ဖော်ထုတ်ကြရမည် ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များ လာရောက်သည့်အခါ စိတ်ချမ်းမြေ့စွာ တည်းခိုနိုင်ရေး၊ ခရီးစဉ်တစ်ခုနှင့်တစ်ခုအကြား မြို့တွင်း၊ မြို့ပြင် ဆက်သွယ်သွားလာမှုများ လွယ်ကူချောမွေ့ရေးနှင့် အခြား ခရီးသွား ဝန်ဆောင်မှုပိုင်းဆိုင်ရာများ အဆင့်မြင့် ပြည့်စုံစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့ခရီးသွား စီးပွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ပြည်လမ်း TCC ရိပ်သာနေ ဦးကျော်ကျော်-ဒေါ်တင်တင်မြင့် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းနာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မျိုးဆက်ပွား ကျန်းမာရေးဆွေးနွေး

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်)၊ ဆေးသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်)၊ ဆေးသုတေသန ဦးစီးဌာန (မြန်မာပြည် အလယ်ပိုင်း)မှ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သုတေသီများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

(ကျန်းမာရေး)

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သုတေသီများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)မှ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သုတေသီများနှင့် ဇွန် ၂၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဇီဝကလမ်းရှိ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခင်ပြုံးကြည်၊ အကြံပေးပုဂ္ဂိုလ် ဒေါက်တာသန်းထွန်းစိန်၊ ညွှန်ကြားရေးမှူးများနှင့် ဆေးသုတေသန ဦးစီးဌာနများရှိ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သုတေသီများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ၊ ၎င်းနှင့် ဆက်နွယ်လျက်ရှိသော သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ လူငယ်လူရွယ်များနှင့် အမျိုးသားများ၏ အခန်းကဏ္ဍ အရေးကြီးမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်းက ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ဆောင်ရွက်လျက်ရှိသော မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သုတေသီများက မိမိတို့၏ မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက သုတေသီများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော် ဆေးပဋ္ဌာန်းလှူဒါန်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ မြို့၏ ကျက်သရေဆောင် ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂၂)ကြိမ်မြောက် ဆေးပဋ္ဌာန်းထောက်ပံ့လှူဒါန်း ပူဇော်ပွဲကို (၁၃၆၉ခု၊ ဝါခေါင်လကွယ်) စက်တင်ဘာ ၁၁ ရက် မွန်းတည့် ၁၂နာရီတွင် မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ဆေးပဋ္ဌာန်းထောက်ပံ့လှူဒါန်းပွဲသို့ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ဘုန်းတော်ကြီး ကျောင်းပေါင်း ၁၀၈ကျောင်းနှင့် သီလရှင်ကျောင်း သုံးကျောင်းတို့မှ ကြွရောက်တော်မူလာမည့် ဆရာတော်၊ သံဃာတော်၊သီလရှင် စုစုပေါင်း အပါး ၅၀၀၀ ကျော်တို့အတွက် စေတနာရှင်များ လှူဒါန်းခဲ့သည့် ဆေးဝါးများ၊ လှူဖွယ်ပစ္စည်းများ ခွဲဝေထောက်ပံ့ လှူဒါန်းပေးသွားမည် ဖြစ်သည်။

ဆေးပဋ္ဌာန်းထောက်ပံ့လှူဒါန်းပွဲသို့ ဆေးတိုက်ပိုင်ရှင်များ၊ စေတနာရှင်များ၊ အလှူရှင်များ၊ အသင်းအဖွဲ့အစည်းများ၊ အနယ်နယ် အရပ်ရပ်မှ လှူဒါန်းလိုသူများ ထောက်ပံ့လှူဒါန်းနိုင်ရေးအတွက် မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော်မြတ်ကြီး ဖုန်း-၀၅၇-၂၄၆၉၀၊ ဆေးပဋ္ဌာန်းထောက်ပံ့လှူဒါန်းပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၃၃၁၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း အင်းဝလမ်း အမှတ် ၁၇(ဘယ်ဘက်-ဒုတိယထပ်) ဖုန်း-၀၁-၇၂၈၂၃၇၊ ရန်ကုန်မြို့ ရွှေတိဂုံ အနောက်ဘက်စောင်းတန်း အောက်ပစ္စယာ မော်လမြိုင်အသင်း(ရန်ကုန်)ဖုန်း-၀၁-၂၅၆၁၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း ပထမသီရိရိပ်သာနေ ကွယ်လွန်သူ ဖခင်ကြီး ဒေါက်တာ ဦးထွန်းရင် သုံးလပြည့်နှင့် မိခင်ကြီး ဒေါ်အောင်အောင်၁၀နှစ်ပြည့်အား ရည်စူးပြီး သား၊သမီး၊ မြေးများက ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်နှင့် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ်တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စွန်းလွန်းဂူ ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇွန် ၂၃

မော်လမြိုင်မြို့ မြိုင်သာယာရပ်ရှင်စောပုလမ်းရှိ စွန်းလွန်းဂူ ဓမ္မအေးရိပ်သာကျောင်းတိုက်တွင် ရေးမြို့နယ် အစင်ကျေးရွာ ဓမ္မဃောသကကျောင်းတိုက် မြိုင်သာယာရပ် စွန်းလွန်းဂူ ဓမ္မအေးရိပ်သာ ကျောင်းတိုက် ဇင်းကျိုက်တောင်ခြေရှိ စွန်းလွန်းဂူ ဓမ္မအေးရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိလောက (သဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်နှင့် တိုက်အုပ်ဆရာတော် ဦးခန္တီစာရ၊ ဦးပညာစက္က အရှင်သူမြတ်တို့က စွန်းလွန်းဂူ ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဇွန် ၂၇ ရက်မှ ဇူလိုင် ၃ ရက်အထိ ဟောကြားပြသမည်ဖြစ်သည်။

(က-ပ)

မျက်မှောက်ခေတ်ပညာရေးနှင့် ဆရာ၏ အခန်းကဏ္ဍ

မြတ်ဆုမွန်

"ပညာရေးတွင် ကိုယ်စိတ်နှစ်ပါးစလုံးတို့၏ အကြွင်းမဲ့ပြည့်စုံနိုင်သမျှ ပြည့်စုံမှုပေးခြင်းပါဝင်သည်"ဟု ဂရိတွေးခေါ်ရှင်ကြီးပလေတို (ဘီစီ ၄၂၇-၃၄၇)က ပြောခဲ့လေသည်။ **"ပညာရေး"**၏ သမားရိုးကျ အဓိပ္ပာယ်သည် **"ကျောင်းသင်ပညာရေး"**ဖြစ်သည်။ ထိုအဓိပ္ပာယ်အရ ပညာသင်ဌာနတစ်ခုခုတွင် အခြေခံ အသိပညာဗဟုသုတများ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ မှန်ကန်သောအတွေးအခေါ်၊ အပြုအမူ၊ အကျင့်အကြံများ ရရှိစေရန် စနစ်တကျ သင်ကြားခြင်းပင် ဖြစ်သည်။ ပညာရှင်အသီးသီးဖွင့်ဆိုခဲ့ကြသည့် ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များအရဆိုလျှင် **"ပညာရေး"**ဟူသည်မှာ**"လူ့ဘောင်ဘဝ၏ပညာရေး"** ပင် ဖြစ်သည်။

လူသည် မိမိဘဝတည်မြဲရေးနှင့် ပိုမိုသာယာပျော်ရွှင်ဝပြောသော ဘဝရရှိရေးအတွက် အစဉ်ကြိုးစားလေ့ရှိသည်။ ဤသို့ဖြင့် ကြံစည်စိတ်ကူးခြင်းများ၊ ကြိုးပမ်းအားထုတ်ခြင်းများ၊ တွေးတောသိမြင်ခြင်းများ၊ စီမံခြင်းများ၊ အတတ်ပညာများ၊ သိပ္ပံပညာရပ်များ၊ ဝိဇ္ဇာပညာရပ်များ၊ အနုပညာရပ်များ၊ စနစ်များ၊ ဝါဒအယူအဆများ စသည်ဖြင့် လူ့ဘောင်ဘဝ၏ အတွေ့အကြုံအမျိုးမျိုး၊ ဗဟုသုတအဖုံဖုံတို့ကို ဖွံ့စည်းပျိုးထောင်ရပေတော့သည်။

ယင်းအတွေ့အကြုံဗဟုသုတတို့သည် ခေတ်တစ်ခေတ်မှ ခေတ်တစ်ခေတ်သို့လည်းကောင်း၊ ဘိုးဘေးဘီဘင်မှသည် သားစဉ်မြေးဆက်သို့လည်းကောင်း၊ တစ်ဦးမှတစ်ဦးသို့လည်းကောင်း လက်ဆင့်ကမ်းနည်းဖြင့် ဆင်းသက်လာကြပေသည်။ တစ်နည်းဆိုရသော် လူ့ဘောင်လောကသည် ကျောင်းသဖွယ်ဖြစ်၍ ဖြစ်ပျက်ပြောင်းလဲနေသောဘဝဖြစ်စဉ်သည်ပင် ဆရာသဖွယ် ဖြစ်နေပေသည်။

ပညာရေးနှင့်အတူတွဲ၍ မလွဲမသွေပါရသည်မှာ "ဆရာ"ဖြစ်သည်။ ဆရာဆိုသည်ကား အဘယ်နည်း။ တစ်ခုခု သင်ကြားပေးသူသည် ဆရာလော။ အရာရာကို ချိန်ဆတတ်သူကိုပင်လျှင် ဆရာဟုခေါ်သလော။ အမှန်တွင် "ဆရာ"ဟူသည်မှာ ထိုမျှမက အဓိပ္ပာယ်ကျယ်ပြန့်ပါသည်။ "ဆရာ"ဆိုသည်မှာ မြင့်မြတ်ခြင်း၊ စင်ကြယ်ခြင်းဟူသော အနက်အဓိပ္ပာယ်ကို မှန်ကန်တိကျစွာ ဖွင့်ဆိုပေးသည့် တစ်လုံးတည်းသော ဝေါဟာရအဖြစ် လက်ခံသုံးစွဲကြသည်။ ဆရာဆိုသည်မှာ လူ့လောကအတွက် ဖန်တီးပြင်ဆင်ပေးသူ၊ အလင်းဆောင်သူ၊ ရင်ထဲတွင် သိမ်းဆည်းထားသည့် စေတနာအလှနှင့် လူ့ဘဝကို ခြယ်သသူဖြစ်သည်။

"ပညာရေး"ဆိုသောအဓိပ္ပာယ်နှင့် "ဆရာ"ဆိုသော အဓိပ္ပာယ်ဖွင့်မှုတို့ မည်မျှများပြားသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သော ယနေ့လူ့ဘောင်လောကတွင် "ကျောင်းသင်ပညာရေး"၏ အခန်းကဏ္ဍသည် အခြေခံကျကျ ကျယ်ပြန့်နက်ရှိုင်းစွာ နေရာယူခဲ့ပြီးဖြစ်သည်။ ထိုသို့နေရာယူလာသည်နှင့်အမျှ သင်ကြားမှုစနစ်များကလည်း တိုးတက်ကျယ်ပြန့်လာခဲ့လေသည်။ ကျောင်းသင်ပညာရေးတွင် မူလတန်းအဆင့်ပညာရေးမှာ ပိုမိုကျယ်ပြန့်နက်ရှိုင်း၍ အလွန်သိမ်မွေ့သည့် အနေအထားကိုဆောင်ပါသည်။

အခြေခံပညာရေး၏ အဓိပ္ပာယ်အကျဉ်းမှာ အရေး၊ အဖတ်အတွက်ဟူသော လူတိုင်းသိအပ်သည့် "အ"သုံးလုံးပညာမှအစ အသက်မွေးဝမ်းကျောင်းမှု တစ်ခုခုပြုနိုင်ရန်အတွက် လိုအပ်သော ဗဟုသုတနှင့် အတတ်ပညာကို ဆည်းပူးနိုင်ရန်လည်းကောင်း၊ တက္ကသိုလ်နှင့် အဆင့်မြင့်ပညာရပ်များကို ဆည်းပူးလိုက်စားနိုင်ရန်လည်းကောင်း အခြေခံကောင်းစွာရသွားရန်အတွက် လိုအပ်သော ပညာရပ်များနှင့် အလေ့အကျင့် အတွေးအခေါ်များကိုပေးခြင်းနှင့် ပတ်သက်သော ပညာရေးဟု ဆိုနိုင်ပါသည်။ အခြေခံပညာရေးဆိုသည်မှာ ထိုကဲ့သို့သော သဘောသဘာဝများရှိသည်ဟုဆိုလျှင် ထိုအခြေခံပညာရေး၏ အခြေခံအကျဆုံးဖြစ်သော မူလတန်းအဆင့်ပညာရေးမှာ အရေးအကြီးဆုံး အနေအထားပင်ဖြစ်သည်။

လူဆိုသည်ကား သက်ရှိဖြစ်သည်။ သက်ရှိဆိုသည်နှင့် ဗီဇက အရင်ဦးစွာ ပြဋ္ဌာန်းကြမြဲဖြစ်သည်။ အားနည်းသော ဗီဇကို အားကြီးအောင်၊ ကောင်းမြတ်သောဗီဇကို ပိုကောင်းအောင်၊ ယုတ်ညံ့သော ဗီဇကို ပါးလျသွားအောင် စတင်ဆောင်ရွက်ရသည့် တစ်ချက်တည်းနှင့်ပင်လျှင် မည်မျှသိမ်မွေ့မည်ကို မှန်းဆကြည့်နိုင်ပါသည်။

ထိုအချက်ကို ပညာရှင်အများအပြားက သတိပြုမိလာပြီး နောက်ပိုင်းတွင် **ယခင်ကကဲ့သို့ ဘာသာရပ်ကို ဗဟိုပြုသောသင်ကြားနည်း (Subject Centred Method)အစား ကျောင်းသားကို ဗဟိုပြုသော သင်ကြားနည်း (Child Centred Method)ကို အစားထိုးပြောင်းလဲကျင့်သုံးလာကြပေပြီ။ ထိုသင်ကြားနည်းစနစ်ဖြင့် ကျောင်းသားလူငယ်၏ သိမှုနယ်ပယ်၊ ခံစားမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ် စသော နယ်ပယ်သုံးရပ်လုံးတွင် ကောင်းသောအတွေးအခေါ်များ၊ ကောင်းသော အလေ့အကျင့်များ၊ ကောင်းသောအတတ်ပညာများကို ဆိုင်ရာ ဆိုင်ရာ ရရှိလာကြပေသည်။**

၁၉၉၆ ခုနှစ်တွင် ယူနက်စကိုသို့ တင်သွင်းသော ၂၁ ရာစု ပညာရေးဆိုင်ရာ နိုင်ငံတကာကော်မရှင်၏ အစီရင်ခံစာဖြစ်သည့် "Learning The Treasure Within" တွင် သင်ယူမှုမဏ္ဍိုင်လေးရပ် "The Four Pillars of Learning" ဖော်ပြထားပါသည်။ အသိပွားဖို့သင်ယူစို့၊ လုပ်ကိုင်တတ်ဖို့ သင်ယူစို့၊ တစ်ဦးချင်းအဖြစ် အစွမ်းကုန်ဖွံ့ဖြိုးဖို့ သင်ယူစို့၊ ကမ္ဘာသားအဖြစ် အတူနေဖို့ သင်ယူစို့ ဆိုသည်တို့မှာ ဘဝတစ်သက်တာသင်ယူမှု သဘောတရားကို အလေးအနက်အခြေခံထားသည့် ပညာရေး အခြေခံအုတ်မြစ်ကြီးများ ဖြစ်လာကြသည်။

ထိုကဲ့သို့သော အခြေအနေအရပ်ရပ်အရ 'ဘက်စုံပညာရေး' ဟူသော ဝေါဟာရပေါ်ပေါက်လာရပေသည်။ ဘက်စုံပညာရေးဟူသည် တိုင်းပြည်အတွက် အသုံးဝင်မည့် ပညာရေးကိုသာမက ကိုယ်လက်ကြံ့ခိုင်မှု၊ တတ်သိကျွမ်းကျင်မှု၊ စာရိတ္တမြင့်မားမှု၊ ခံယူချက်ပြည့်ဝမှု၊ အတွေးအခေါ်မှန်ကန်မှုရှိပြီး ယဉ်ကျေးသိမ်မွေ့မှု၊ ရသခံစားတတ်မှုတို့နှင့် ပြည့်စုံခြင်းတို့ကို ဆိုလိုပါသည်။ အချုပ်အားဖြင့် ဘက်စုံပညာရေးတွင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသနှင့် အသက်မွေးမှုအခြေခံတို့ ဖွံ့ဖြိုးမှုဖြစ်စေရမည့် ပညာမှုချပါရပါမည်။ ထို့ကြောင့်ပင်လျှင် ထိရောက်သောသင်ကြားနည်းများနှင့် စနစ်ကျသော သင်ပြမှုပုံစံတို့က အရေးကြီးသော ရှေ့တန်းနေရာသို့ ရောက်လာရပေသည်။

ကျောင်းသားဗဟိုပြုသင်နည်းသို့ ကူးပြောင်းလာပြီးနောက်ပိုင်းတွင် ကလေးငယ်များ၏ ဘက်စုံပညာရေးအတွက် ပညာရှင်အများစု လက်ခံပြီးဖြစ်သည့် ထိရောက်သော သင်ကြားနည်း ၂၁ နည်းကို သင့်လျော်သလို အသုံးချကာ သင်ကြားကြရပေသည်။

စနစ်ကျသော သင်ပြမှုပုံစံတွင် အပိုင်းလေးပိုင်းရှိပါသည်။ အပိုင်းတစ်တွင် မည်သည့်အကြောင်းကြောင့် မည်သည့်အရာကို သင်မည်ဆိုသည့် What and Why ရှိပါသည်။ အပိုင်းနှစ်တွင် မည်သူကို သင်မည်နည်း Whomဆိုသော အချက်ပါရှိ၏။ အပိုင်းသုံးတွင် မည်သို့သင်မည်ဆိုသည့် How ပါရှိပါသည်။ အပိုင်းလေးတွင် မည်သို့ဖြစ်ပျက်သည်ဆိုသော What happened ပါရှိပါသည်။

ထိရောက်သောသင်ကြားနည်းနှင့် စနစ်ကျသော သင်ပြမှုပုံစံတို့ကို ရွေးချယ်ပြီးနောက်ပိုင်းတွင်လည်း ကလေးငယ်များ၏ ဉာဏ်ရည်အလိုက် စစ်ဆေးအကဲဖြတ် သင်ကြားပေးနိုင်ရန် လိုအပ်ပါသည်။ ကလေးငယ်များသည် ဉာဏ်ရည်မတူကြပါ။ ဉာဏ်ရည်မတူခြင်းသည် တော်ခြင်း၊ ညံ့ခြင်းမဟုတ်ပါ။ ကွဲပြားခြားနားသော စွမ်းရည်များသာဖြစ်သည်။

ကလေးငယ်များတွင် ထိုဉာဏ်ရည်များ တစ်မျိုးထက်မက ရှိနိုင်သည်ကို သတိပြုရပါမည်။ ထိုဉာဏ်ရည်များကို နီးကပ်စွာ ဖော်ထုတ်ပြီးနောက်တွင် ကလေးငယ်များကို စနစ်တကျ အလေ့အကျင့်ပြုပေးနိုင်ရန် လိုအပ်ပါသည်။ အစကောင်းမှ အနှောင်းသေချာဟူသကဲ့သို့ အလေ့အကျင့်များ စတင်ပြုလုပ်ရာတွင် အမှား လုံးဝမရှိဘဲ မှန်ကန်သော နည်းလမ်းများဖြစ်ရန် အရေးကြီးပါသည်။ အလေ့အကျင့်တစ်ခုကို စတင်ပြုလုပ်ရာတွင် ကြိမ်ဖန်များစွာ ပြုလုပ်စေရန်လည်း အရေးကြီးပါသည်။

ဤနေရာတွင် ကလေးငယ်များ၏ အသက်အရွယ်အလိုက် ပေါင်းသင်းဆက်ဆံရေးနယ်ပယ်များကိုလည်း ဂရုစိုက်မိရန် လိုအပ်ပါသည်။ ကျောင်းနေအရွယ် ကလေးငယ်များ၏ စိတ်အဝင်စားဆုံးအလုပ်မှာ ဆော့ကစားခြင်းဖြစ်သည်။ ကလေးများ၏ ဆော့ကစားခြင်းသည် ဖွံ့ဖြိုးမှုအတွက် အလွန်အရေးကြီးသည်။ ဖွံ့ဖြိုးမှုဆိုသည်မှာ ကာယဖွံ့ဖြိုးမှုနှင့် ဉာဏဖွံ့ဖြိုးမှုနှစ်ခုစလုံးပင်ဖြစ်သည်။ ထို့အတွက် မိဘများနှင့် ဆရာများက ကလေးများ၏ ဆော့ကစားခြင်းကို အားပေးကူညီရမည်။ အော်ဟစ်ဟန့်တားခြင်းများ ပြုလုပ်ပါက ဖွံ့ဖြိုးမှုရပ်ဆိုင်းသွားဖွယ်ရာရှိပါသည်။ စနစ်တကျ လှုပ်ရှားကစားမှုများကိုအားပေး၍ သူ့အချိန်နှင့်သူလုပ်ကိုင်ဖို့ ချိုသာစွာ လမ်းပြကူညီရပါမည်။

ဆရာလုပ်မည့်သူများအားလုံးသည် ဆိုင်ရာပညာရေးကောလိပ်၊ တက္ကသိုလ်များတွင် ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာ အစရှိသည့် ဆရာအတတ်ပညာရပ်အမျိုးမျိုးကို စာတွေ့ လက်တွေ့ သင်ကြားလေ့ကျင့်ကြရသည်။ ဆရာများလိုလားအပ်သည့် အရေးကြီးဆုံးအချက်မှာ တပည့်တို့အကြောင်းကို သိနားလည်ခြင်းပင်ဖြစ်သည်။ ဆရာဆိုသည်မှာ စာကိုလည်းသင်၊ လူကိုလည်းပြင်နေသူဖြစ်သည်။ ဆရာ၏ အကြီးမားဆုံး စွမ်းရည်ဆိုသည်မှာ မိမိ၏ စံပြအတုယူစရာ အပြုအမူပင်ဖြစ်လေသည်။ ကျောင်းမှဆရာ၊ ဆရာမများသည် စာသင်ကြားနေယုံသာမဟုတ်။ ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးနေခြင်းလည်းဖြစ်သည်။ မည်သည့်တို့ကို ဖွံ့ဖြိုးစေရန် လုပ်ဆောင်နေသနည်းဆိုသော် ကလေးများ၏ ဉာဏ်ပညာ ဖွံ့ဖြိုးစေရန်၊ စိတ်ဓာတ်ဖွံ့ဖြိုးစေရန်နှင့် စာရိတ္တဖွံ့ဖြိုးစေရန်တို့ပင် ဖြစ်သည်။ စာသင်ခြင်းဆိုသည်မှာ ဉာဏ်ပညာဖွံ့ဖြိုးစေခြင်း၏ အစိတ်အပိုင်း တစ်ရပ်မျှသာ ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးကို မြှင့်တင်နိုင်ရေးအတွက် ဆရာသည် နိုင်ငံတကာပညာရေးအမြင်ရှိပြီး ကောင်းစွာနားလည် သဘောပေါက်ထားရပါမည်။ အနာဂတ်ကို ယုံကြည်ချက်အပြည့်အဝဖြင့် ရင်ဆိုင်တတ်ရုံသာမက ရည်ရွယ်ချက်ထားခြင်း၊ တာဝန်ယူတတ်ခြင်းတို့ဖြင့် အနာဂတ်ကို တည်ဆောက်နိုင်စွမ်းရှိသော လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ရာတွင် ဆရာ၏အခန်းကဏ္ဍသည် အလွန်အရေးပါလာပါသည်။ ရှေးယခင်အချိန်အခါတို့ထက် ယခုအခါတွင် ပို၍အရေးပါလာပါသည်။ သို့ဖြစ်၍ ဆရာသည် ထိုအမြင်သစ်မျိုးရှိရန် အထူးလိုအပ်လာပါသည်။

ထို့အတွက် ဆရာသည် စာသင်ခန်းနှင့် ပြင်ပကမ္ဘာဆက်စပ်ရန် (The World comes into the classroom) လိုအပ်လာသည်။ ဆရာသည် ရှေးသမားရိုးကျအစဉ်အလာနှင့် ခေတ်သစ်ကမ္ဘာကို မျှမျှတတ ကြည့်မြင်သုံးသပ်ရပါမည်။ နောက်တစ်ချက်မှာ မျှော်မှန်းချက်နှင့် တာဝန်ဝတ္တရားများ (Expectation and responsibilities) ဖြစ်သည်။ ထိုမျှမက သင်ကြားခြင်းအနုပညာနှင့် အတတ်ပညာလည်းရှိရန် လိုအပ်ပါသည်။ Teching as Art and Science သည် အချက်အလက်များကို သင်ယူခြင်း (Learning)မှတစ်ဆင့် စဉ်းစားတွေးခေါ်တတ်မှု၊ ပြဿနာဖြေရှင်းတတ်မှု၊ အခက်အခဲကျော်လွှားတတ်မှုများ ရရှိစေရန် ဖြစ်လာပါသည်။ အထူးသဖြင့် ဆရာသည် သင်ယူခြင်း၌ မြတ်နိုးမှုရှိသည့် စိတ်ဓာတ် (Love for Learning)ကို တပည့်ငယ်များအား ကူးပြောင်းခံယူလာတတ်စေရန် တစ်ပါတည်း ဆောင်ရွက်သွားရပါမည်။ နောက်တစ်ချက်မှာ 'ဆရာနှင့်ရပ်ရွာဒေသ'ဖြစ်သည်။ ဆရာသည် ရပ်ရွာအကြီးအကဲများနှင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်းဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။

ယနေ့ခေတ်ကို 'ပညာခေတ်'ဟု ဆိုကြပါသည်။ ထို့အတွက် ခေတ်နှင့်လျော်ညီစွာ ကျောင်းများတွင် multimedia classroomများ၊ e-educationများ၊ language labများဖြင့် အသွင်အဆင် ပြောင်းလဲလျက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်း ပိုမိုမြင့်မားလာအောင် အကောင်အထည်ဖော်ရာတွင် ကောင်းသည့်ဆရာ၊ တော်သည့်ဆရာများဖြစ်ရန် လိုပါသည်။

မြန်မာလူ့ဘောင်တွင် ဆရာကို ကြည်ညိုလေးစားကြသည်။ သာမန်လူများ မှားတတ်သည့် အကျင့်စာရိတ္တမျိုးကို ဆရာတစ်ဦးမှားမိလျှင် ဆရာကို ခွင့်မလွှတ်တတ်ကြပေ။ ထို့ကြောင့် ဆရာသည် သိက္ခာရှိရန် အရေးကြီးသည်။ အကျင့်စာရိတ္တကောင်းမွန်ရန် လိုအပ်သည်။ ဆရာများသည် မိမိတို့ကိုယ်တိုင် စံပြပုဂ္ဂိုလ်များဖြစ်သဖြင့် ဌာနဆိုင်ရာစည်းကမ်း၊ လူမှုရေးစည်းကမ်းတို့တွင် အစွန်းအထင်းမျှပင် မရှိအောင် စောင့်ထိန်းရခြင်း၊ အထူးသဖြင့် ငွေကြေးပစ္စည်း၊ စာမေးပွဲကိစ္စ၊ ဖိုမကိစ္စ စသည့် ဆရာ့ဂုဏ်သိက္ခာထိခိုက်နစ်နာစေမည့် အပြုအမူမှန်သမျှ ရှောင်ကြဉ်ခြင်းဖြင့် မြင့်မြတ်သည့် ဆရာသိက္ခာပြည့်ဝစေနိုင်ပါသည်။ ဆရာတို့တွင် နာသုံးနာအပြင် ထိုဝါသနာ၊ စေတနာနှင့် အနစ်နာတို့ ခံရုံအပ်သော ဉာဏ်ပညာရှိရန် လိုအပ်သည်။ ထိုဉာဏ်ပညာမျိုးဆိုသည်မှာလည်း ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ ဘာသာရပ်အသီးသီးကို ကျွမ်းကျင်သည့်အပြင် ဆင်ခြင်တုံ၊ အမြော်အမြင်ကြီးကြီး ထားတတ်ရန်နှင့် စိတ်နေမြင့်မြတ်သည့် ဉာဏ်ပညာမျိုးကို ဆိုလိုသည်။

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် ထိုနိုင်ငံ၏ ပညာရေးစီမံကိန်းများပေါ်တွင် မူတည်သည်။ ထိုစီမံကိန်းများကို လက်တွေ့တိုက်ရိုက်အကောင်အထည်ဖော်ရသူများမှာ ဆရာများဖြစ်သည်။ စီမံကိန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆရာများအနေဖြင့် အရည်အချင်းပြည့်ဝရန် လိုအပ်ပါသည်။ နိုင်ငံတော်၏အနာဂတ် မည်သို့ရှိမည်ကို သိလိုပါက ပြဒါးတိုင်ဖြစ်သော ဆရာများ၏ အရည်အချင်းနှင့် လုပ်ရပ်ကို ကြည့်လိုက်ရုံဖြင့် သိနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အီရန်ပြဿနာသည် ခြိမ်းခြောက်မှုတစ်ရပ်ဟု မမြင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗ်ရော့ ပြောကြား

တီဟီရန် ဇွန် ၂၂

အီရန်နိုင်ငံသည် ခြိမ်းခြောက်မှုတစ်ရပ်ဟု ရုရှားအစိုးရက ယူဆခြင်းမရှိကြောင်း၊ အီရန်သည် အန္တရာယ်တစ်ရပ်ဟု အကြောင်းပြပြီး အမေရိကန်အစိုးရက အရှေ့ဥရောပဒေသတွင် ဒုံးခွင်းဒုံးစနစ်ထားရှိမည့် အစီအစဉ်သည် တရားနည်းလမ်းမကျကြောင်း အီရန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဥရောပဒေသတွင် ဒုံးကျည်ကာကွယ်ရေး အစီအစဉ် ဖြန့်ကြက်မှုသည် တရားမျှတမှုရှိသည်ဟု အမေရိကန်က အကြောင်းပြကာ အီရန်ပြဿနာကို လက်ညှိုးထိုး ခြိမ်းခြောက်လျက်ရှိကြောင်းလက်ဗ်ရော့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမေရိကန်က အီရန်အစိုးရအား အန္တရာယ်တစ်ရပ်ဖြစ်သည်ဟု သင်္ကာမကင်းဖြစ်ခဲ့ပါက ရုရှားသမ္မတပူတင် အဆိုပြုထားသည့်အတိုင်း အဇာဘိုင်ဂျန်ဒေသမှ ဂါဘာလာရေဒါစခန်းကို ရွှေ့ပြောင်းသင့်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂါဘာလာရေဒါစခန်းနှင့် ဒုံးကျည်ဖြန့်ကြက်ရေး အစီအစဉ်နှင့် ပတ်သက်သည့် သဘောထားများကို လက်ဗ်ရော့က အီရန်သမ္မတ အာမက်ဒီနီရတ်နှင့် နိုင်ငံခြားရေးဝန်ကြီး မော့တာကီတို့အား အလေးအနက်ထားကာ ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူနိုင်ငံ အထွေထွေရောဂါကုဆေးရုံတစ်ရုံ၏ ခွဲစိတ်ခန်းကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းတောင်ပိုင်းတွင်သောင်းကျန်းသူများပစ်ခတ် သုံးဦးသေ၊ ၁၀ဦး ဒဏ်ရာရ

ဗန်ကောက် ဇွန် ၂၃

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဇွန် ၂၂ရက်က သောင်းကျန်းသူများက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ သုံးဦးသေဆုံးသွားပြီး အနည်းဆုံး ၁၀ဦး ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့မှလာသော သတင်းများက ဖော်ပြသည်။

ပို့ဆောင်ပေး

ပစ်ကပ် ထရပ်ကားတစ်စီးတွင် လိုက်ပါလာသော သောင်းကျန်းသူများသည် ယာလာပြည်နယ် ဘန်နန်စတာတာဆိုင်ရှိ လက်ဖက်ရည်ဆိုင်အတွင်း သေနတ်များဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့သည်။ ထိုပစ်ခတ်မှုကြောင့် လူသုံးဦးနေရာ၌ပင် သေဆုံးသွားပြီး အများအပြား ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသွားသူများကို ဆေးရုံသို့ အလျင်အပြန် ပို့ဆောင်ပေးခဲ့သည်။ ယင်းတိုက်ခိုက်မှုအတွင်း သောင်းကျန်းသူများသည် စာသင်ကျောင်းကို မီးရှို့ခဲ့ကြသည်။

ဖော်ပြ

သေဆုံးသူ သုံးဦးစလုံးမှာ ၁၄နှစ်အရွယ် ယောကျ်ားကလေးများ ဖြစ်ကြကြောင်း နေ့ရှင်းသတင်းက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူ၌တုပ်ကွေးရောဂါပျံ့နှံ့လျက်ရှိ

စင်ကာပူ ဇွန် ၂၂

စင်ကာပူနိုင်ငံတွင် တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုရှိကြောင်း၊ ယခုရက်သတ္တပတ်တစ်ပတ်တည်းမှာပင် ကူးစက်ခံရမှုနှုန်း မြင့်မားလာကြောင်း အစိုးရဝက်ဘ်ဆိုက်၌ ဇွန် ၂၀ ရက်က ဖော်ပြထားသည်။

စင်ကာပူ၌ပင် ပြီးခဲ့သည့် ရက်သတ္တပတ်က ခြင်ကြောင့် တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၀၁ ဦး ရှိကြောင်း စင်ကာပူ အမျိုးသား ပတ်ဝန်းကျင်အေဂျင်စီ(အန်အီးအေ)က ပြောကြားသည်။ ယခုနှစ်၌ ရက်သတ္တတစ်ပတ်လျှင် တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၃၇၈ ဦးကို အမြင့်ဆုံး နှုန်းထားအဖြစ် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည်။

စင်ကာပူနိုင်ငံ ဝန်းကျင်ရှိ ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့သည် မိုးများစွာ ရွာသွန်းခြင်းနှင့် ပူနွေးသည့်ရာသီကြောင့် ယခုနှစ်တွင် တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း မြင့်မားမှုနှင့် ရင်ဆိုင်နေရပြီး ယခုနှစ်သည် တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း အဆိုးဆုံး ဖြစ်လာနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက သတိပေးထားသည်။

စင်ကာပူနိုင်ငံ၌ ယခုနှစ်မှစ၍ တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၂၈၆၈ ဦးရှိပြီး ၂၀၀၅ ခုနှစ် အလားတူကာလက ယင်းရောဂါဖြစ်ပွားသူ ၄၅၈၀ ဦးရှိသည်။ အဆိုပါအချိန်က စင်ကာပူနိုင်ငံသည် တုပ်ကွေးရောဂါဖြစ်ပွားမှု အပြင်းထန်ဆုံး ကျရောက်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ်ရှိ တေဟူရေကန် မတိမ်ကောရေးအတွက် ရွှံ့ညွန်များ ဆယ်တင်နေသည်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်တွင် မြေမြှုပ်မိုင်းပေါက်ကွဲ လူ သုံးဦးထက်မနည်း သေဆုံး

အစ္စလမ္မာဘတ် ဇွန် ၂၂

ပါကစ္စတန်နိုင်ငံ ကာရမ်လူမျိုးစုဒေသတွင် ကြာသပတေးနေ့က လယ်ထွန်စက်တစ်စီးမြေမြှုပ်မိုင်း နင်းမိသဖြင့် ပေါက်ကွဲကာ သုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ယင်းဒေသရှိ သတင်းများအရ သိရှိရသည်။

ဆက်ဒါဒေသမှ ငါးကီလိုမီတာခန့် ဝေးကွာသည့် ခါဗီယန်ဂါကျေးရွာရှိ အရပ်သား လက်နက်ကိုင်တပ်ဖွဲ့၏ စစ်ဆေးရေးဂိတ်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူသုံးဦးကို ဆေးရုံသို့တင်ပို့ရာ လမ်းတွင်သေဆုံးခြင်းဖြစ်သည်။ ၎င်းတို့သည် တောအုပ်မှ ထင်းများသယ်ယူရန် သွားကြသူများ ဖြစ်သည်။

မြေမြှုပ်မိုင်း နင်းမိကာ ပေါက်ကွဲသဖြင့် လယ်ထွန်စက် လုံးဝပျက်စီးခဲ့သည်။ ယင်းပေါက်ကွဲမှုသည် မည်သူ၏ လက်ချက်မှန်း မသိရသေးဘဲ စုံစမ်းနေဆဲဖြစ်သည်ဟု အာဏာပိုင်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်ရှိ အစိမ်းရောင်ဒေသ စိန်ပြောင်းဖြင့်အပစ်ခံရ

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံ၏ မြို့တော်ဘဂ္ဂဒက်ရှိ အကာအကွယ် အခိုင်အခံ့ ပြုလုပ်ထားသည့် အစိမ်းရောင်ဒေသကို ကြာသပတေးနေ့က စိန်ပြောင်းကျည်များဖြင့် ပစ်ခတ်သဖြင့် အီရတ်ပါလီမန်နှင့် အစိုးရရုံးများတွင်ရှိသည့် အဆောက်အအုံများအနီး ကောင်းကင်ယံထက်တွင် မီးခိုးလုံးကြီးများ တစ်လိပ်လိပ်တက်လျက်ရှိကြောင်း ရိုက်တာသတင်းထောက်များက ပြောကြားသည်။

တိုက်ဂရစ်မြစ်၏ အခြားတစ်ဖက်တွင်လည်း မီးခိုးလုံးကြီးများ ကောင်းကင်သို့ တက်သွားနေသည်ကို မြင်တွေ့နိုင်သည်။ ယင်းနေရာတွင် အင်္ဂါနေ့က အသေခံဗုံးဖောက်ခွဲခဲ့သဖြင့် ၈၇ ဦး သေဆုံးခဲ့သည်။

အစိမ်းရောင်ဒေသတွင် စိန်ပြောင်းကျည်ခုနစ်စင်းထက်မနည်း ကျရောက်ပေါက်ကွဲခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် သေဆုံးသူရှိ၊ မရှိ သဲသဲကွဲကွဲ မသိရသေးပေ။

တိုက်ဂရစ်မြစ်၏ အနောက်ဘက်ကမ်းရှိ အစိမ်းရောင်ဒေသသည် ဘဂ္ဂဒက်မြို့တွင် လုံခြုံမှု အရှိဆုံးဒေသဖြစ်သည်။ သို့ရာတွင် စစ်သွေးကြွများက ဒုံးကျည် စိန်ပြောင်းများဖြင့် ပစ်မှတ်ထားကာ မကြာခဏပစ်ခတ် တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။



အိန္ဒိယနိုင်ငံ အလယ်ပိုင်းတွင် မိုးကြိုးပစ်၊ ခုနစ်ဦး သေဆုံး

နယူးဒေလီ ဇွန် ၂၂

အိန္ဒိယနိုင်ငံ အလယ်ပိုင်းဒေသရှိ ချက်တစ်ဂါဂျက်စ်ပူခရိုင်တွင် မိုးကြိုးပစ်ခံရသဖြင့် ကလေးငယ်ငါးဦး အပါအဝင် ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အိန္ဒိယအာရှသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ဂျက်စ်ပူနာဂါမြို့တွင် ဗုဒ္ဓဟူးညနေပိုင်းက မိုးကြိုးပစ်သဖြင့် လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး သေဆုံးသူများတွင် လူလတ်ပိုင်း အမျိုးသမီးနှစ်ဦး၊ ယောကျ်ားလေးသုံးဦးနှင့် မိန်းကလေးနှစ်ဦးတို့ ပါဝင်ကြသည်ဟု အဆိုပါသတင်းဌာနက ဂျက်စ်ပူခရိုင် ရဲချုပ်ကော်ရမ်ကို ကိုးကား၍ ဖော်ပြသည်။

ဂျက်စ်ပူနာဂါမြို့ရှိ အခြားသီးခြားနေရာနှစ်နေရာတွင် မိုးကြိုးပစ်သဖြင့် ကလေးငယ်သုံးဦး ဒဏ်ရာ အနည်းငယ်စီ ရရှိခဲ့သည်။ဒဏ်ရာရသူများကို ဒေသန္တရဆေးရုံသို့တင်ပို့ထားသည်။ အဆိုပါခရိုင်တွင် မိုးရာသီလေပါ ရွာသွန်းတိုက်ခတ်ခဲ့သဖြင့် နှစ်ရက်ဆက်တိုက် အဆက်အသွယ် ပြတ်တောက်ခဲ့သည်ဟု ကော်ရမ်က ပြောကြားသည်***အမ်အင်အေ၊ဆင်ဟွာ။***

ဂျာမနီနိုင်ငံ ဂိုပင်ဂန်အရပ်ရှိ ကလေးကစားစရာ အရုပ်ထုတ်လုပ်ရေးအလုပ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဇွန် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဥရောပ၏ အာကာသခရီးသွား လုပ်ငန်း၌ အသုံးပြုမည့် ဒုံးလေယာဉ် ပုံစံတူတစ်ခုကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေးမည်

ဟိုင်ဖာ (အစ္စရေး) ဇွန် ၂၂

အစ္စရေးနိုင်ငံ သမ္မတအိဟွတ်အိုးလ်မတ်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့သည် လာမည့်တနင်္လာနေ့တွင် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်ရှိကြောင်း၊ ထိုဆွေးနွေးပွဲတွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်လိမ့်မည်ဖြစ်ကြောင်း ဇွန် ၂၁ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌အစ္စရေးသမ္မတကပြောကြားသွားသည်။

ဇွန် ၂၅ ရက်တွင်ပြုလုပ်မည့် တွေ့ဆုံဆွေးနွေးပွဲ၌ အီဂျစ်သမ္မတ ဟိုစနီမူဘာရက်၊ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့် သမ္မတအဘူမူဇန်(အဘတ်စ်)တို့လည်း ပါဝင်တက်ရောက်ကြမည်ဖြစ်သည်ဟု သတင်းများကဆိုသည်။ ထိုဆွေးနွေးပွဲ၌ သက်ဆိုင်သော နိုင်ငံများနှင့် ပါလက်စတိုင်းတို့အကြား ဆက်သွယ်မှုသစ်တစ်ရပ်ကို ဖန်တီးနိုင်မည် ဖြစ်ကြောင်း အိုးလ်မတ်က ဟိုင်ဖာတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ ခေါင်းဆောင်များသည် အီဂျစ်နိုင်ငံ ပင်လယ်နီကမ်းခြေ အပန်းဖြေမြို့ဖြစ်သည့် ရှမ်အယ်လ်ရှိတ်၌ ဒေသဆိုင်ရာအရေးကိစ္စများကို မျက်နှာစုံညီဆွေးနွေးမှုကို ပြုလုပ်ကြမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲသည် နှစ်လတာအချိန်အတွင်း သက်ဆိုင်သူများအားလုံးပါဝင်သည့် အစည်းအဝေးပင်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

၂၀၀၇ခုနှစ်တွင် တောမီးလောင်ကျွမ်းမှု ထက်ဝက်လျော့ကျရန် အင်ဒိုနီးရှား ကြိုးပမ်းမည်

ဂျကာတာ ဇွန် ၂၂

တောမီးလောင်ကျွမ်းမှုကို ယခုနှစ်တွင် ထက်ဝက်လျော့ကျသွားရန် ကြိုးပမ်းမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံက ဇွန်၂၂ရက်တွင် ကတိပြုခဲ့သည်။

ယမန်နှစ်ကဆူမတြားနှင့်ဘော်နီယိုကျွန်းတို့တွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ရှိလာသည့် မီးခိုးငွေ့များသည် အရှေ့တောင်အာရှဒေသအနှံ့အပြားသို့ ပျံ့နှံ့ခဲ့သည်။

မီးခိုးထွက်ရှိမှုကို ၄၀ ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းကြား လျော့ကျသွားရန် မျှော်မှန်းထားပြီး တောမီးလောင်ကျွမ်းမှုကို လုံးဝဖယ်ရှားရမည်ဖြစ်ကြောင်း ဆူမားတြားကျွန်း ဂျမ်ဘီပြည်နယ်တွင် ပြုလုပ်သော စင်ကာပူ၊မလေးရှား၊ ဘရူနိုင်းနှင့် ထိုင်းနိုင်ငံတို့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည့် ဆွေးနွေးပွဲအပြီး၌ အင်ဒိုနီးရှားနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ရက်ချ်မက်စီတိုလာက ရိုက်တာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်။

လယ်ယာလုပ်ကိုင်သူများ သို့မဟုတ် သစ်လုပ်ငန်းနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေး ကုမ္ပဏီများကြောင့် တောမီးလောင်ကျွမ်းမှု အများဆုံး ဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ ယင်းကုမ္ပဏီများသည် စင်ကာပူနှင့် မလေးရှားနိုင်ငံပိုင် ကုမ္ပဏီများ ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အာရေဗျလေကြောင်းလိုင်း မွမ်ဘိုင်းသို့ တိုးချဲ့ပျံသန်းမည်

အဘူဒါဘီ ဇွန် ၂၂

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)၏ နှုန်းထားသက်သာသည့် အာရေဗျလေကြောင်းလိုင်းသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်တိုးမြှင့်ပျံသန်းမည် ဖြစ်ကြောင်း စော်ဘွားများ သတင်းဌာနက ဇွန် ၂၁ ရက်တွင် သတင်းပေးပို့သည်။

ပထမဆုံးပျံသန်း

ရာဂျက်ချ်အခြေစိုက် အာရေဗျ လေကြောင်းလိုင်းသည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းတို့တွင် ပထမဆုံးပျံသန်းသည့် တန်ဖိုးနည်း လေကြောင်းလိုင်းဖြစ်သည်။

ထပ်မံတိုးချဲ့

မျက်မှောက် တွင် ယင်းလေကြောင်း လိုင်းသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းသို့ တိုက်ရိုက် ခရီးစဉ် နေ့စဉ် ပုံမှန်ပျံသန်းလျက်ရှိသည်။ ဇွန် ၂၂ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ သောကြာနှင့် စနေနေ့တို့တွင် မွမ်ဘိုင်းသို့ ပျံသန်းမည့် ခရီးစဉ်ကို ထပ်မံတိုးချဲ့ထားကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ဗီယက်နမ်တွင် ရေနံစိမ်းထုတ်လုပ်မှု ယခုနှစ်၌ မျှော်မှန်းထားသည်ထက် လျော့နည်း

ဟန္နွိုင်း ဇွန် ၂၂

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ရေနံစိမ်းတန်ချိန် ၁၇ ဒသမ ၅ သန်း ထုတ်လုပ်ရန် လျာထားသော်လည်း ၁၆ ဒသမ ၈ သန်းသာ ထွက်ရှိကြောင်း လူငယ်သတင်းစာက ဇွန် ၂၀ ရက်တွင် ဖော်ပြထားသည်။

ထုတ်လုပ်

ပထမနှစ်ဝက် ကာလအတွင်း ဗီယက်နမ်နိုင်ငံပိုင် ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းအဖွဲ့ (ပက်ထရိုဗီယက်နမ်)က ရေနံစိမ်းတန်ချိန် ၇ ဒသမ၆၈ သန်း ထုတ်လုပ်ခဲ့ကြောင်း၊ ယခုနှစ်မျှော်မှန်းချက်၏ ၄၆ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ပက်ထရိုဗီယက်နမ်အဖွဲ့ ဒါရိုက်တာ တီရန်နော့ကန်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာက ဖော်ပြသည်။

ယခုနှစ် ရေနံထုတ်လုပ်မှု ရည်မှန်းချက်မပြည့်မီရသည့် အကြောင်းရင်းများစွာရှိသည်။ မလေးရှား၌ ရေနံတွင်းတူးသည့်လုပ်ငန်းတွင် ဗီယက်နမ်ကုမ္ပဏီ အခက်အခဲတွေ့ရခြင်းနှင့် ကာဇက်စတန်နိုင်ငံ၌ ရေနံမြေလုပ်ပိုင်ခွင့်ရရှိရေးကိစ္စ အဆင်မပြေခြင်းများသည် အရေးပါသည့်အကြောင်းအရင်းများ ဖြစ်သည်။

ဗီယက်နမ်တွင် ယခုနှစ်၌ ဓာတ်ငွေ့ ကုဗမီတာ ၇ ဒသမ ၃ ဘီလီယံနှင့် ရေနံစိမ်းတန်ချိန် ၁၇ ဒသမ ၅ သန်း ထုတ်လုပ်ရန် စီစဉ်ထားကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန အောက်ရှိ ကုန်သွယ်ရေးသတင်းဌာနက ဖော်ပြထားသည်။ ယမန်နှစ်က အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံတန်ဖိုးရှိသော ရေနံစိမ်းတန်ချိန် ၁၆ ဒသမ ၆ သန်းကို တင်ပို့ရောင်းချခဲ့သည်။ အဓိကအားဖြင့် တရုတ်၊ စင်ကာပူ၊ ဂျပန်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့သို့ ရောင်းချခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ မိကျောင်းမွေးမြူရေး သုတေသနစခန်း၌ မွေးမြူထားသော မိကျောင်းများကို ဇွန် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်က လေကြောင်းမှတိုက်ခိုက် လက်နက်ကိုင် ၁၇ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံ၏ဆူပူအုံကြွလျက်ရှိသော ဒီယားလားပြည်နယ် ဘာကူဘာအနီးရှိ ခါလစ်မြို့ကို အမေရိကန်တို့က တိုက်ခိုက်ရေးရဟတ်ယာဉ်များဖြင့် လေကြောင်းမှ တိုက်ခိုက်သည့်အတွက် အယ်လ်ခိုင်ဒါများဟု သံသယဖြစ်ခံရသူ ၁၇ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က အခင်းဖြစ်ပွားသည့် ဇွန် ၂၂ရက်တွင် ပြောကြားသည်။

သေဆုံးသွားသူများသည် ရဟတ်ယာဉ်ဖြင့်တိုက်ခိုက်ခြင်းမခံရမီကအီရတ်ရဲတပ်ဖွဲ့ တပ်ကင်းအနီးတွင် လှုပ်ရှားနေသည်ကို တွေ့ကြရသည်ဟုဆိုသည်။ သေဆုံးသွားသူအားလုံး လက်နက်ကိုင်များဖြစ်သည်ဟူသော အချက်များကို မြေပြင်ရှိ အမေရိကန်တပ်ဖွဲ့များက အတည်ပြုသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်တွင် နေတိုးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊လေးဦးဒဏ်ရာရ

ကဘူး ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ဇွန် ၂၁ ရက်က နေတိုးအဖွဲ့ဦးစီးသော အပြည်ပြည်ဆိုင်ရာ လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)ကို လမ်းဘေးထောင်ဗုံးဖြင့် တိုက်ခိုက်ရာ နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး လေးဦး အနည်းငယ် ဒဏ်ရာရသွားကြောင်းစစ်ဘက်သတင်းထုတ်ပြန်ချက်က ဖော်ပြသည်။

နေတိုးတပ်ဖွဲ့၏ယာဉ်က ဗုံးကိုနင်းမိသဖြင့် ပေါက်ကွဲသွားခြင်း ဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ရေးသားထားသည်။ သို့သော် ယင်းထုတ်ပြန်ချက်၌ သေဆုံးသူမှာ မည်သူမည်ဝါဖြစ်၍ မည်သည့်နိုင်ငံသား ဖြစ်ကြောင်းကိုမူ ဖော်ပြထားခြင်းမရှိဟု ဆိုသည်။

အာဖဂန်နိုင်ငံ အရှေ့ပိုင်း၌ စစ်ရေးလှုပ်ရှားနေသော တပ်ဖွဲ့ဝင်အများစုမှာ အမေရိကန်တပ်ဖွဲ့များ ဖြစ်သည်ဟုဆိုသည်။ အာဖဂန်နိုင်ငံရှိ စစ်သွေးကြွများကို နှိမ်နင်းရန် ထိုနိုင်ငံတွင်း၌ နေတိုးတပ်ဖွဲ့ဝင်ပေါင်း ၃၇၀၀၀ ကို ဖြန့်ကြက်ချထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကို တားဆီးရန်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထိန်းချုပ်သည့် အထိမ်းအမှတ်အဖြစ် ဇွန်၂၁ရက် ညက လန်ဒန်မြို့၌ အမှောင်ချထားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အတ္တလန္တစ်လွန်းပြန်ယာဉ် မြေပြင်သို့ ပြန်လည်ဆင်းသက်

ဝါရှင်တန် ဇွန် ၂၂

အာကာသအတွင်း ကမ္ဘာကို လှည့်ပတ်လျက်ရှိသည့် စခန်းယာဉ်နှင့်ချိတ်ဆက်ကာ ၁၃ရက်တာမျှ တာဝန်ထမ်းဆောင်ပြီးနောက် အတ္တလန္တစ်အာကာသလွန်းပြန်ယာဉ်သည် ဇွန်၂၂ရက်မွန်းလွဲပိုင်းတွင်အမေရိကန်နိုင်ငံမိုဂျိုက်စ်သဲကန္တာရရှိ အက်အတ်ပ်လေတပ်စခန်းသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။ လွန်းပြန်ယာဉ်သည် အာကာသစခန်းယာဉ်တွင် အသုံးပြုမည့် နေရောင်ခြည်လျှပ်စစ်ဓာတ်ထုတ်လုပ်ပေးသောကိရိယာများကိုတပ်ဆင်ပေးခဲ့သည်။ မူလက ကိပ်ကာနီဗယ်ရှိ ကနေဒီမြေပြင်အာကာသစခန်း၌ လွန်းပြန်ယာဉ်ဆင်းသက်ရန် ရည်ရွယ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် အရန်ရွေးချယ်ထားသည့် အက်အတ်ပ်လေတပ်စခန်း၌ ပြောင်းရွှေ့ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)တို့၏ကြီးကြပ်မှုဖြင့် တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် တာမွေမြို့နယ်ပညာရေးဌာနတို့ပူးပေါင်းဆောင်ရွက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို အလက(၃) တာမွေတွင် ဇွန်၂၃ရက်က ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းခြောက်ကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်နှင့် သက်ဆိုင်ရာကျောင်းအသီးသီးမှ ဆရာ၊ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြပြီး **(အောက်ပုံ)** ပြိုင်ပွဲတွင် ဆုရရှိသူများအား ၂၀၀၇ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင်ဆုများချီးမြှင့်ပေးအပ်မည် ဖြစ်ကြောင်းသိရသည်။ (ဝဇ)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်
တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၂၆-၆-၂၀၀၇

**International Day Against
Drug Abuse and Illicit Trafficking
26-6-2007**

မူးယစ်ဆေးက မင်းဘဝကို လွှမ်းမိုးနေသလား

Do drugs control
YOUR LIFE?

Your life. Your community.
No place for drugs.

မင်းဘဝ မင်းပတ်ဝန်းကျင်မှာ မူးယစ်ဆေးအတွက် နေရာမရှိ

မူးယစ်ကင်းစင် မြန်ပြည်တစ်ခွင်

* ပြန်လည်တွေးလှစ်၊ တွက်ဆစစ်သော်
မူးယစ်ရန်စွယ်၊ အန္တရာယ်ကား
ပြုဖွယ်လုပ်ဆောင်၊ အမိုက်မှောင်တည့်
ယောင်ယောင်မှားမှား၊ ဉာဏ်ထုံပါး၍
သွေးသားခန်းခြောက်၊ အလှပျောက်ကာ
စိတ်ဖောက်မရှင်၊ ရောဂါဝင်လျက်
တပင်တပန်း၊ တန္ဓမ်းနွမ်းနှင့်
ကျွမ်းကျွမ်းကြေကြေ၊ အသက်သေ၏။

* ပညာသင်ရွယ်၊ ဒို့လူငယ်တို့
တုလွယ်အမှား၊ အပျော်များကာ
ဆေးဝါးမူးယစ်၊ သုံးစွဲဖြစ်လျှင်
ဆိုးညစ်စိတ်နွမ်း၊ ဘဝကျွမ်းလျက်
လမ်းစပျောက်ကွယ်သွားလိမ့်မည်။

* မစွဲလမ်းခင်၊ အသိဝင်၍
ဆန့်ကျင်စွန့်ခွာ၊ ကျောခိုင်းကာလျှင်
လူ့ရွာကောင်းကျိုး၊ ထမ်းသယ်ပိုးလျက်
တန်ဖိုးရှိသူဖြစ်ပါစေ။

* မူးယစ်အမှောင်၊ ဝေးဝေးရှောင်ကာ
လူ့ဘောင်အကျိုး၊ ကိုယ့်လူမျိုးအတွက်
တိုးတက်ဆောင်ရွက်နိုင်ပါစေ။

* မျိုးဂုဏ်ဝင့်ထည်၊ ဒို့မြန်ပြည်ဝယ်
စီမံကိန်းနှစ်၊ ပန်းတိုင်သစ်ဖြင့်
နှစ်ထောင့်ဆယ့်လေး၊ မူးယစ်ဆေးကို
ကင်းဝေးစေကာ၊ ပြည်သာယာဖို့
သူငါအားလုံး၊ တစ်ရပ်လုံးညီ
ပြည်လုံးအနှံ့၊ အသိဖြန့်၍
ဆန့်ကျင်ကြကာ၊ တိုက်ဖျက်ပါစို့
ပြည်ရွာတစ်ခွင်၊ မူးယစ်စင်ပြီး
သန့်စင်ငြိမ်းချမ်း၊ ဘေးမသန်းဘဲ
ကျန်းမာသုခ၊ ပြည့်ဝကြလျက်
ဘယာကင်းဝေးကြစေတည်း။ ။

ထီယု

မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲ လသာမြို့နယ် အလက(၁) ၌ ကျင်းပ

ရန်ကုန် ဇွန် ၂၃

လသာမြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေးကော်မတီမှ ကြီးမှူး၍ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဇွန် ၂၂ရက် မွန်းလွဲ ၁နာရီက လသာမြို့နယ်အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လသာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးသမိုင်းနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များကိုလည်းကောင်း၊ လသာမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မိုးကျော်က မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာဥပဒေများ၊ ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းဌေးက မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများလိုက်နာဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ် ဖွဲ့၊ စခန်းမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်တွင်းရှိလူမှုရေးအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလက(၁) လသာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။ (၄၁)

လသာမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင် ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ပန်းချီ၊ နံရံကပ်စာစောင်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇွန် ၂၂ရက်တွင် အထက(၂) လသာ မြည်သီလာခန်းမ၌ ပြုလုပ်ရာ ဆုရရှိသော ကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ သီဂီကျော် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့က ကြီးမှူးကျင်းပသည့် မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၂၂ရက်တွင် ပိန္နဲကုန်းရပ်ကွက်ရှိ သဲအင်းရေအရိယာ ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေ **(အောက်ပုံ)**၊ ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း နာယက ဦးအေးသိန်းနှင့် ဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒါရိုက်တာမောင်ယဉ်ကျော်)တို့က မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးတို့ကို ဟောပြောကြပြီး ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း)က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်၊ လူသစ်၊ ဘဝသစ်

ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့ ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဇွန် ၂၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီးများအား ၂၀၀၇-၂၀၀၈ခု ပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဇွန် ၅ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့ရုံး၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ထွန်းထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ ဖားကန့်ရဲစခန်း၊ ကာမိုင်းမြို့ရဲစခန်း၊ ဆည်ဇင်းရဲစခန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့ရှိ တက္ကသိုလ်အဆင့် ၁၂ဦး၊ အထက်တန်းအဆင့် ၂၀၊ အလယ်တန်းအဆင့် ၃၁ဦး၊ မူလတန်းအဆင့် ၃၈ဦး စုစုပေါင်း ၁၀၁ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၃၆၅၀၀၀ ကို ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်မရောမြို့ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ကျိုက်မရော ဇွန် ၅

ကျိုက်မရောမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများရေစီးရေလာ ကောင်းမွန်စေရေးအတွက် အဖွဲ့ဝန်ထမ်းများက မြို့အဝင်လမ်းတစ်လျှောက် ရေနုတ်မြောင်းတူးဖော် ရှင်းလင်းဆောင်ရွက်မှုကို ဇွန် ၇ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးနေစိုးကျော် ကြီးကြပ်ခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဖလားနှင့် ပြည်နယ်နှင့်တိုင်း လက်ဝှေ့ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၃

၂၀၀၇ခုနှစ် ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း(ဂ)အဆင့်၊ (ခ)အဆင့်တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဖိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမတွင် ဆက်လက်ကျင်းပသည်။

ဖိုလ်လုပွဲများ

ဖိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး ၄၆ကီလိုတန်း၊၄၈ကီလိုတန်း၊ ၅၀ ကီလိုတန်း၊ ၅၂ ကီလိုတန်း၊ ၅၄ကီလိုတန်း၊ (ဂ) အဆင့် ပင်းဝိတ်တန်း၊ လိုက်ဖလိုင်းဝိတ်တန်း၊ ဖလိုင်းဝိတ်တန်း၊ ဘင်တန်ဝိတ်တန်း၊ ဖယ်သာဝိတ်တန်း၊ လိုက်ဝယ်လ်တာဝိတ်တန်း၊ ဝယ်တာဝိတ်တန်း၊(ခ)အဆင့် ပင်းဝိတ်တန်း၊ လိုက်ဖလိုင်းဝိတ်တန်း၊ ဖလိုင်းဝိတ်တန်း၊ ဘင်တန်ဝိတ်တန်း၊ ဖယ်သာဝိတ်တန်း၊ လိုက်ဝိတ်တန်း၊ လိုက်ဝယ်တာဝိတ်တန်း၊ ဝယ်တာဝိတ်တန်း၊ ပွဲစဉ် ၂၀ ကို ကျင်းပသည်။ ဖိုလ်လုပွဲပွဲစဉ်များအပြီးတွင် အမျိုးသမီး ၄၆ကီလိုတန်းတွင် ပထမ သက်ထားစံ(ကရင်)၊ ဒုတိယချောစု(ပဲခူး)၊ ၄၈ကီလိုတန်းတွင် ပထမ နှင်းအိဆွေ (တနင်္သာရီ)၊ ဒုတိယ သီတာဝင်း(စစ်ကိုင်း)၊ ၅၀ ကီလိုတန်းတွင် ပထမ နှင်းမိုးမိုးနိုင်(ရှမ်း/တောင်)၊ ဒုတိယ မာမာသွင်(စစ်ကိုင်း)၊၅၂ကီလိုတန်းတွင် ပထမ ချောစုအေး(မန္တလေး)၊ ဒုတိယ ဟေမာန်စိုး(ကရင်)၊ ၅၄ကီလိုတန်းတွင် ပထမ ဇာဇာဝင်း(ရန်ကုန်)၊ ဒုတိယ စုမွန်ကို(ဧရာဝတီ)၊ (ဂ)အဆင့် ပင်းဝိတ်တန်းတွင် ပထမ သန်းမင်းသူ(ရန်ကုန်)၊ ဒုတိယ ခင်မောင်မြင့်(ရှမ်း/အရှေ့)၊ လိုက်ဖလိုင်းဝိတ်တန်းတွင် ပထမကျော်ကျော်အောင်(ရန်ကုန်)၊ ဒုတိယ ပိုင်ဖြိုး(ရှမ်း/တောင်)တို့ရရှိကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုရရှိသူများအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးစန်းမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်နှင့် အမှုဆောင်များနှင့် ပြိုင်ပွဲဝင်အသင်းများ၏ အုပ်ချုပ်သူများက ငွေသား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ဇွန် ၂၄ရက်ညနေ ၃နာရီတွင် ဖိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပမည် ဖြစ်သည်။

(ကြေးမုံ)

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစန်းမြင့်ဆုရရှိသူတစ်ဦးအား အောင်နိုင်ဆု ပေးအပ်ချီးမြှင့်စဉ်။

(ကြေးမုံ)

အမျိုးသမီး ၅၄ကီလိုတန်း ဖိုလ်လုပွဲတွင် အနိုင်ရရှိသွားသူ ဇာဇာဝင်း(ရန်ကုန်)၏ ဘယ်လက်သီးက စုမွန်ကို(ဧရာဝတီ)၏ မျက်နှာကို ထိမှန်သွားစဉ်။

(ကြေးမုံ)

မုံရွာအပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲ ရက်ပြောင်းလဲ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မုံရွာဂေါက်ကလပ်တို့က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော Monywa Amateur Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၃၀ရက်နှင့် ဇူလိုင် ၁ရက်တို့တွင် ကျင်းပရန် စီစဉ်ခဲ့သော်လည်း ရာသီဥတု အခြေအနေအရ ပြိုင်ပွဲရက်ကို ပြောင်းလဲထားရှိပါသဖြင့် ကျင်းပမည့် ရက်ကို ထပ်မံ ကြေညာပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပြည်ထဲရေးနှင့်ဆောက်လုပ်ရေးသရေကျ

ရန်ကုန် ဇွန် ၂၃

၂၀၀၇-၂၀၀၈ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ ပြည်ထဲရေးနှင့် ဆောက်လုပ်ရေးအသင်းတို့ ဂိုးမရှိ သရေကျသွားသည်။

ပြည်ထဲရေး – ဂိုးမရှိ
ဆောက်လုပ်ရေး – ဂိုးမရှိ
ဒိုင်လူကြီး – ဦးဝင်းကျော်ဦး

နှစ်သင်းစလုံးအနိုင်ရရှိရေး ကြိုးစားကစားခဲ့သော်လည်း ဆန္ဒစောနေ၍ ဂိုးသွင်းခွင့်များ ဆုံးရှုံးကာ သရေကျသွားသည်။

ယနေ့ပွဲ အပြီးတွင် (က)အုပ်စု၌ စီးပွား/ကူးသန်းက အုပ်စုပထမ၊ ဆောက်လုပ်ရေးက အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။

ယနေ့ပွဲ
ညနေ ၃နာရီခွဲ
အိုလံပစ်နေ့အထိမ်းအမှတ်ဘောလုံးပွဲ
(အောင်ဆန်းကွင်း)
ပဏာမအမျိုးသမီးလက်ရွေးစင်(က)နှင့် ပဏာမအမျိုးသမီးလက်ရွေးစင်(ခ)

(ကြေးမုံ)

အိုလံပစ်နေ့ အထိမ်းအမှတ် ခရစ်ကက် အားကစားပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြစဉ်။

(ကြေးမုံ)

အိုလံပစ်နေ့အထိမ်းအမှတ် ခရစ်ကက်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

အိုလံပစ်နေ့အထိမ်းအမှတ်ခရစ်ကက် အားကစားပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ကျင်းပရာ အထက(၁) လသာ၊ အထက(၂) ဒဂုံ၊ အထက(၆) ဗိုလ်တထောင်၊အထက(၁)လမ်းမတော်၊ အထက(၁)ဗဟန်း၊အထက (၂)ဗဟန်း၊ အထက(၁)လှိုင်၊ အထက(၂) ပန်းဘဲတန်း၊ အထက(၃)ကြည့်မြင်တိုင်၊ အထက(၄)အလုံတို့မှ အသက်(၁၅) နှစ်အောက် ကျောင်းသားအားကစားသမား ၁၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

လူသစ်တန်းအဆင့် ပြိုင်ပွဲနှင့် လက်ရွေးစင်အဆင့် ပြိုင်ပွဲများတွင် လူသစ်တန်း အကောင်းဆုံးရိုက်ချက်ဆုကို အထက(၁)ဗဟန်း၊ အကောင်းဆုံး ပစ်သူဆုကို အထက(၁) ဗဟန်း၊ အကောင်းဆုံး ဘက်စုံထူးချွန်ဆုကို အထက(၃)ကြည့်မြင်တိုင်တို့ကလည်းကောင်း၊ လက်ရွေးစင်အကောင်းဆုံး ရိုက်ချက်ဆုကို ရန်နိုင်အောင်စည် အထက(၁) လသာ၊ အကောင်းဆုံး ပစ်သူဆုကို စောဟာဒိုး အထက(၄) အလုံနှင့် အကောင်းဆုံး ဘက်စုံထူးချွန်ဆုကို မြတ်မင်းဟိန်း အထက(၁) လမ်းမတော်တို့က ရရှိသွားကြပြီးဆုများကို မြန်မာနိုင်ငံခရစ်ကက် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ (ကြေးမုံ)

လက်တွန်းထွန်စက်နှင့် အင်ဂျင်စက်များ ထိန်းသိမ်းပြုပြင်မှုဆိုင်ရာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

ZBT Co., Ltd. နှင့် The Siam Kubota Industry Co., Ltd. တို့ ပူးပေါင်း၍ ဇွန် ၁၈ရက် နံနက် ၉နာရီတွင် Park royal Hotel ခန်းမ၌ Kubota လက်တွန်း ထွန်စက်နှင့် Engine စက်များ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းပြုပြင်မှုဆိုင်ရာ ရှင်းလင်း ဆွေးနွေးပွဲ ကျင်းပရာ ZBT Co., Ltd. ၏ Managing Director ဦးလှိုင်ဟိန်းနှင့် The Saim Kubota Industry Co., Ltd. (SKI) မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ ZBT Co., Ltd. Managing Director ဦးလှိုင်ဟိန်း**(ယာပုံ)** နှင့် The Saim Kubota Industry Co., Ltd. (SKI) မှ ကိုယ်စားလှယ်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး SKI မှ အင်ဂျင်နီယာက လက်တွန်းထွန်စက်နှင့် အင်ဂျင်စက်များ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းပြုပြင်မှုပြုလုပ်ရမည့် အချက်အလက်များကို စက်ပစ္စည်းများပြသ၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော တောင်သူလယ်သမားများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ZBT Co., Ltd. မှ ဖြန့်ဖြူးရောင်းချသည့် တောင်သူလယ်သမားအထောက်အကူပြု Saim Kubota လက်တွန်းထွန်စက်နှင့် အင်ဂျင်စက်များကို လွယ်လင့်တကူ သက်သာချောင်ချိစွာ ဝယ်ယူနိုင်ရန်အတွက် ZBT Co., Ltd. အရောင်းပြခန်း အမှတ်(၃၆) ဘုရင့်နောင်လမ်း ကမာရွတ်မြို့နယ် ဖုန်း-၅၀၀၇၆၁၊ ၅၀၁၂၀၁ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror — အင်တာနက်အားကစားသတင်းများ

တိုက်စစ်မှူးဟင်နရီအား ဘာစီလိုနာသို့ လွှဲပြောင်းပေးရန် အာဆင်နယ်အသင်း သဘောတူ

လန်ဒန် ဇွန် ၂၃

တိုက်စစ်မှူး ဟင်နရီအား စပိန်နိုင်ငံရှိ ထိပ်တန်းဘောလုံးအသင်းဖြစ်သော ဘာစီလိုနာအသင်းသို့ လွှဲပြောင်းပေးရန် သဘောတူညီချက်ရရှိပြီဆိုခြင်းမှာ မှန်ကန်ကြောင်း အာဆင်နယ်အသင်းက ယနေ့အတည်ပြုပြောကြားသည်။

သဘောတူညီမှုရရှိ

ဟင်နရီသည် ဘာစီလိုနာအသင်းတွင် လေးနှစ်ပါဝင်ကစားရန် သဘောတူညီမှုရရှိကြောင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အခြားဆောင်ရွက်ရမည့် လုပ်ငန်းများမှာ သုံးလေးရက်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အသက်(၂၉)နှစ်ရှိ ပြင်သစ်ဘောလုံးသမား ဟင်နရီအား ဘာစီလိုနာသို့ လွှဲပြောင်းပေးရန်ကိစ္စသည် အာဆင်နယ်အသင်း၏ ဘုတ်အဖွဲ့လူကြီး အပြောင်းအလဲများ ရှိခဲ့ပြီးနောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဟင်နရီသည် အာဆင်နယ်အသင်းနှင့် ကန်ထရိုက်စာချုပ်သစ် လက်မှတ်ရေးထိုးခဲ့မှုမှာ တစ်နှစ်မျှသာ ရှိသေးသည်။

ဟင်နရီသည် အာဆင်နယ်အသင်းတွင် ရှစ်နှစ်ပါဝင်ကစားခဲ့ရာ၌ ထူးချွန် ပြောင်မြောက်စွာ ခြေစွမ်းပြနိုင်ခဲ့သည်။ **အင်တာနက်**

ဘေယန်မြူးနစ်အသင်းသို့ ဇီးရောဘတ်တို ပြန်လည်ရောက်ရှိ

မြူးနစ် ဇွန် ၂၃

ဘရာဇီးကွင်းလယ်ကစားသမား ဇီးရောဘတ်တိုနှင့် သက်တမ်းနှစ်နှစ်ရှိ ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် မိမိဝမ်းမြောက်မိကြောင်း ဘေယန်မြူးနစ်အသင်းဥက္ကဋ္ဌ ကားလ်ဟိန်းဇ်က ယနေ့ပြောကြားသည်။

ရောဘတ်တိုသည် လွန်ခဲ့သည့်နှစ်က ဘရာဇီးနိုင်ငံရှိ ဆန်တို့စ်အသင်း၌ ပါဝင်ကစားခဲ့ပြီး ၎င်း၏အသင်းဟောင်း ဘေယန်မြူးနစ်အသင်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။ ရောဘတ်တိုသည် ဘေယန်မြူးနစ်အသင်းတွင် ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဘောလုံးရာသီလေးရာသီပါဝင်ကစားခဲ့သည်။

သတ္တမမြောက်

အသက် (၃၂) နှစ်အရွယ်ရှိ ရောဘတ်တိုသည် အကြိမ် (၂၀)တိုင်တိုင် ဂျာမနီချန်ပီယံဖြစ်ခဲ့သော ဘေယန်မြူးနစ်အသင်းအတွက် ယခုနှစ်နွေရာသီကာလအတွင်း သတ္တမမြောက်ခေါ်ယူသည့် ဘောလုံးသမားဖြစ်သည်။

ဘေယန်မြူးနစ်အသင်းသည် ရောဘတ်တိုမတိုင်မီ ဘောလုံးသမားခြောက်ဦးကို ခေါ်ယူခြင်းအတွက် ယူရိုငွေ ၅၇သန်းသုံးစွဲခဲ့ရသည်ဟု သတင်းများတွင် ဖော်ပြသည်။ **အင်တာနက်**

❖ ရှေ့ဖုံးမှ

ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီးနောက် အခမ်းအခမ်းကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် မြို့နယ်ပျိုးခြံအတွင်း ခြံစည်းရိုးကြက်ဆူ ၁၄၂၀၃၀ ပျိုးထောင်ထားရှိမှုနှင့် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ရှင်သန်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းယန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှက ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးစီလပ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးသည် မိုင်းယန်းမြို့နယ် (၁၆)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှု ခံယူနေကြသောလူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ မြို့နယ်ပြည်သူ့ဆေးရုံ သားဖွားခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းများအား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးက မြို့နယ်ပြည်သူ့ဆေးရုံ၌ သံဘောင်ပြတင်းပေါက်များ လဲလှယ်တပ်ဆင်ရန်အတွက် မတည်အလှူငွေကျပ် သုံးသိန်းအား မြို့နယ်ဆရာဝန် ဒေါက်တာအောင်ကိုဦးထံသို့ ပေးအပ်ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဝိုင်းလွေစံပြကျေးရွာသို့ သွားရောက်၍ တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းထားသော ရွှေရင်အေး မျိုးစပါးတင်း ၁၀၀ စိုက်ပျိုးထားသည့် တောင်သူ ဦးအိုက်တစ်ကျောက်၏ နွေစပါး ရိတ်သိမ်းခြွေလှေ့နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာဦးအောင်ခင်က မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးမှုများနှင့် ရိတ်သိမ်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

အဆိုပါ ဝိုင်းလွေစံပြကျေးရွာတွင် လူနေအိမ်ခြေ ၁၅၀ ရှိကာ လက်တွန်းထွန် စက် ၇၀ နှင့် အပေါ့စား စပါးခြွေလှေ့စက် ၅၀ ရှိပြီး လယ်ယာမြေ ၁၉၀၇ ဧကတွင် နွေစပါး၊ မိုးစပါးများအား သတ်မှတ်ပန်းတိုင်အထွက်နှုန်းများရရှိရေးအတွက် အားသွန်ခွန်စိုက် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် မိုင်းခတ်တပ်နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးကျော်သူက တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးပင်၊ မျိုးစေ့များ စုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့က ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများအား တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများထံသို့ ပေးအပ်ကြပြီး မိသားစုဝင်များနှင့်အတူ ပျိုးပင်များကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက တပ်နယ်မိသားစုဝင်များသို့ ထောက်ပံ့ငွေများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်မြို့နယ်လုံးကျွတ် သံဃာတော်များအား ဝါတွင်းသုံးလပတ်လုံး အရဏ်ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇွန် ၂၃

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ (၆)ကြိမ်မြောက် မြို့နယ်လုံးကျွတ် သံဃာတော်အပါး ၂၈၀၀ ကျော်တို့အား ၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ဝါတွင်းသုံးလပတ်လုံး ရွှေမုဋ္ဌောဘုရားဒေါ်လှယဉ်ဓမ္မာရုံ မြို့မဆွမ်းလောင်းအသင်း၌ နေ့စဉ် ဆွမ်းလောင်းလှူကြမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် အရဏ်ဆွမ်းသီးစုံဟင်းအတွက် ငွေကျပ်သုံးသိန်းခွဲ၊ ဝက်သားဆီပြန်ဟင်းအတွက် ငွေကျပ်ခြောက်သိန်း၊ ကြက်သားဆီပြန်ဟင်းအတွက် ငွေကျပ်ခုနစ်သိန်းနှုန်းဖြင့် ဦးတင်အေး ဖုန်း-၀၄၂-၂၄၂၇၇၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း-၀၉၅၂၀၂၁၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

✻ တိုင်းမှူးမှ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်တော်မြို့သို့ရောက်ရှိပြီး မြို့အဝင် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ စုပေါင်း ကြက်ဆူစိုက်ပျိုးနေမှုများအား ကြည့်ရှုအားပေးရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သစ်တော)

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၃

သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၁ ရက်တွင် နေပြည်တော်ရှိ သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဒုတိယပါမောက္ခချုပ်၊ ပြည်နယ်နှင့်တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် ဒုတိယ အထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြ၍ ပထမနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ ရက်တွင် ဆက်လက်ကျင်းပရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ မြန်မာ့သစ်လုပ်ငန်း ပြည်နယ်နှင့်တိုင်း တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာများ၊ အထူးအရာရှိများက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ၂၀၀၇ခုနှစ် ပထမလေးလပတ်တွင် အကြီးအကဲ၏ မှာကြားချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းက အင်းလေးဒေသရှိ မျက်စိဝေဒနာရှင်များ အခမဲ့ ဆေးဝါးကုသရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အင်းလေးဒေသရှိ မျက်စိဝေဒနာရှင်များအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း တကူးတကပရဟိတအဖွဲ့က အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၂ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ အင်းလေးဓမ္မာရုံ၌ကျင်းပရာ အင်းလေး ဟဲယာရွာမ ရွှေဘုံသာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော် သံဃနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသ ကြွရောက်၍ ဩဝါဒကထာ ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အကြံပေး အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့်၊ အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး လှူဒါန်းရခြင်းအကြောင်းကို မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီက လျှောက်ထားကာ အလှူရှင်များက မျက်စိဝေဒနာရှင်များအတွက် လှူဒါန်းငွေကျပ် ၅၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှား စွမ်းအင်ဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်း **Repulbic of KALMYKIA** နိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Chedyrov Boris**၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး **H.E.Dr. Mikhail M.GELADZE** နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (စွမ်းအင်)

နေပြည်တော် ဇွန် ၂၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်း Repulbic of KALMYKIA နိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Chedyrov Boris နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Mikhail M. GELADZE တို့ ဦးဆောင်သောအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✱ ကျောဖုံးမှ

အလားတူ တိုင်းမှူးသည် မြိတ်မြို့တပ်ပြင်ရပ် စပါးရွှေဝါလမ်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးခွန်ရွှေသင်းက ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေက မြို့နယ်အတွင်း နှစ်အလိုက် စီမံချက်ချမှတ် စိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုးကြက်ဆူပင်များကို ပေးအပ်ပြီး စိုက်ပျိုးပေးကာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် မြိတ်မြို့ ပုလဲ ရတနာခန်းမ၌ကျင်းပသည့် တနင်္သာရီတိုင်း ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တနင်္သာရီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလတ်က ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၀၇ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တိုင်းမှူး၏ဇနီးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❀ ကမ္ဘာ့ပထမဆုံးမှ

ယင်း ခွဲစိတ်ကုသမှုသည် ကမ္ဘာ့ဆေးလောက၌ ဖြစ်ပေါ်သည့် ပထမဦးဆုံးသော ကျောက်ကပ် တစ်စိတ်တစ်ပိုင်း အစားထိုးကုသမှုပင် ဖြစ်သည်။ ဤခွဲစိတ်ကုသမှုကို ကလုချ်နာပိုကာ မြို့၏အနောက်မြောက်ပိုင်းရှိ ဆီးနှင့် ကျောက်ကပ်ရောဂါ ခွဲစိတ်ကုသရေးဆေးရုံ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ခွဲစိတ်ကုသမှုများ ပြီးစီးပြီး နောက်တစ်နေ့တွင် ကလေးရော မိခင်ပါ အခြေအနေ ပုံမှန်ဖြစ်နေကြကြောင်း ပါမောက္ခ ဆရာဝန် မီဟိုင်းလူကန်က ပြောကြားသည်။ ၎င်းသည် ယခု ခွဲစိတ် ကုသမှုကို ဦးဆောင်လုပ်ကိုင်ခဲ့သူ ပညာရှင်ဖြစ်သည်။

ကျောက်ကပ်ပေးလှူသူထံမှ လူကြီးကျောက်ကပ်တစ်ခုလုံးကို ထုတ်ယူခဲ့ရသော်လည်း ယင်းကျောက်ကပ်ကို ကလေးငယ်တွင် တိုက်ရိုက်တပ်ဆင်ခြင်း မပြုနိုင်သဖြင့် ပြန်လည်ပြုပြင်မှုများ ပြုလုပ်ခဲ့ရသည်။ ထိုကျောက်ကပ်ကို ပြုပြင်ရာ၌ ခန္ဓာကိုယ်ပြင်ပတွင် အနုစိတ် ပြန်လည်ခွဲစိတ် ပြုပြင်ယူရခြင်းဖြစ်သည်။

ပြုပြင်ပြီးသား ကျောက်ကပ်ကို ကလေးငယ်၏ ကိုယ်တွင်း၌ အစားထိုးပေးသောအခါ မိခင်၏ကျောက်ကပ်သည် မူလအရွယ်အစားအတိုင်း မရှိတော့ဘဲ သုံးပုံနှစ်ပုံ အရွယ်အစား အထိသာ ကျန်ရှိတော့သည်။ ထိုအနေအထားသို့ရောက်မှ ကလေးငယ်၏ ခန္ဓာကိုယ်တွင်း၌ အဆင်ပြေစွာ ထည့်သွင်းပေးနိုင်ကြောင်း သိရသည်။

၎င်းကလေးငယ်ကို ကျောက်ကပ် အစားထိုး ကုသမှုမပေးမီ အချိန်က ကလေး၏ကျောက်ကပ်သည် အလုပ်မလုပ်သဖြင့် ကိုယ်တွင်းရှိ အညစ်အကြေးများကို သန့်စင်ပေးရန် မကြာခဏ ကျောက်ကပ်ဆေးစက်ဖြင့် ဆေးပေးနေရသည်။ ယခုအခါ အစားထိုးထားသော ကျောက်ကပ်က အလုပ်လုပ်နေပြီဖြစ်၍ စက်ဖြင့် ကျောက်ကပ်ဆေးစရာ မလိုတော့ဟု ဆိုသည်။

ကျောက်ကပ် တစ်စိတ်တစ်ပိုင်း အစားထိုးကုသခံထားရသူ ကလေးငယ်၏ဖခင် ဆော်ဒင်လိုနိုစကျူးက မိခင်နှင့် ကလေး နှစ်ဦးစလုံးကျန်းမာသည့်အတွက် ဝမ်းသာကြောင်း ပြောကြားသည်။

ကမ္ဘာ့ဆေးလောက၌ အသည်း အစိတ်အပိုင်း အစားထိုးကုသမှု၊ အဆုတ်အစိတ်အပိုင်း အစားထိုး ကုသမှုများသာ ယခင်က ရှိခဲ့သော်လည်း ကျောက်ကပ်တစ်စိတ်တစ်ပိုင်း အစားထိုး ကုသမှုမျိုး မပြုလုပ်ခဲ့ဖူးသေးပေ။ ကမ္ဘာပေါ်၌ ကလေး ၁၀၀၀ မွေးလျှင် ၁၆ ဦးမှာ ကျောက်ကပ်မကောင်းဘဲ မွေးလာတတ်ရာ ကျောက်ကပ်အစိတ်အပိုင်း အစားထိုးမှု အောင်မြင်သဖြင့် ကလေးငယ်များ၏ အသက်ကို ကယ်တင်ရန် အခွင့်အလမ်း ရသွားပြီဖြစ်ကြောင်း ဆရာဝန်လူကန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးငွေ ပေးအပ်

တောင်ကြီး ဇွန် ၂၁

မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ် (တောင်ပိုင်း)ရုံးမှ ခရီးသွားအာမခံနှင့် သူတစ်ပါး ထိခိုက်မှုအာမခံလျော်ကြေး ပေးအပ်ပွဲကို ဇွန် ၂၁ရက် မွန်းလွဲ ၂ နာရီက အဆိုပါရုံး၌ ကျင်းပသည်။ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်ဌာနဆိုင်ရာများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကိုယ်ပွားသတင်းစာတိုက်မှ စာတည်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကုန်းလမ်းပို့ဆောင်ရေး ဦးစီးဌာနတောင်ကြီးမြို့ အခြေစိုက် မော်တော်ယာဉ်လိုင်းများမှ တာဝန်ရှိသူများ၊ လျော်ကြေးငွေ လက်ခံမည့်သူများနှင့် အခြားဖိတ် ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မြန်မာ့အာမခံလုပ်ငန်း တာဝန်ခံ ဦးလွင်ဦးက ခရီးသွားအာမခံနှင့် သူတစ်ပါးထိခိုက်မှု အာမခံအကြောင်း ရှင်းလင်းပြောကြားပြီး မတ် ၂၇ ရက်က ကလောမြို့နယ် ဝက်ဖြူရေအနီး ရဲသူအောင် မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် သေဆုံးခဲ့သူနှစ်ဦးအတွက် လျော်ကြေးငွေ တစ်ဦးလျှင် ကျပ် ၁၁ သိန်းစီကို ကျန်ရစ်သူများသို့ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (က–ပ)

၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်ရွေးချယ်

ရန်ကုန် ဇွန် ၂၃

၂၀၀၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်ကျင်းပသော ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ စိစစ်အကဲဖြတ်ခြင်းအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက ယနေ့မွန်းလွဲ ၁ နာရီတွင် အမှတ် (၂၂၊ ၂၄) ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ စိစစ်ရွေးချယ်ကြသည်။

အဆိုပါ ပြိုင်ပွဲကို **“ဘက်စုံဖွံ့ဖြိုး နိုင်ငံတော်အကျိုး အမျိုးသမီးများ ရွက်သယ်ပိုး”** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းမှ ဓာတ်ပုံပညာရှင် ၅၁ဦးက ဓာတ်ပုံပေါင်း ၁၆၂ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဓာတ်ပုံများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် အကဲဖြတ်ပညာရှင်များက စိစစ်ရွေးချယ်စဉ်။ (သတင်းစဉ်)

● NLD ပါတီမှ

အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် NLD ပါတီ၏ လုပ်ရပ်များကို သဘောတူကြိုက်နှစ်သက်ခြင်း မရှိတော့ကြောင်း၊ NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များ၊ တိုင်းတစ်ပါး သြဇာခံဘဝရောက်အောင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် ပူးပေါင်းကြံစည်လုပ်ဆောင်နေမှုများကို လက်ခံနိုင်ခြင်း မရှိသဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄–၆–၂၀၀၇(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၁၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တေးများ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Say it in English.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ Yan Can Cook.
- ၁၂း၀၀ ၅။ **မြန်မာရုပ်ရှင် “စိမ်းနဲ့တေဇာ” (ကျော်ဟိန်း၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ–မျိုးမြင့်အောင်)**
- ၁း၄၅ ၆။ “မွန်မြတ်နှလုံးသား မြန်မာအမျိုးသမီးများ” (အပိုင်း–၂)
- ၂း၀၀ ၇။ အကပြိုင်ပွဲ
- ၂း၁၅ ၈။ ဆပ်သွားတံတား
- ၂း၃၀ ၉။ တေးဂီတအစီအစဉ်
- ၂း၄၅ ၁၀။ International News.
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရူပဗေဒ အထူးပြုများ) (ရူပဗေဒ)**
- ၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅း၀၀ ၅။ လက်ဆင့်ကမ်းပေးဂီတတေး (စောင်း)
- ၅း၁၀ ၆။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တေးများ
- ၅း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ သီရိဂေဟာ
- ၇း၀၀ ၁၁။ ထူးချွန်ထင်ရှားမြန်မာအမျိုးသမီးများ (အပိုင်း–၂)
- ၇း၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သမားတော်” (အပိုင်း–၃၇)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ပန်းနှင်းဆီ” (အပိုင်း–၂၈) (ဇာတ်သိမ်း)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

ဟင်္သာတမြို့၌ တရားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏မူ၊ အနာဂါမ်ဆရာသက်ကြီး၏နည်းဖြင့် ပြသမည့် ဟင်္သာတမြို့ သုံးပင်ကွင်းရပ် ရေတံခွန် ၂ လမ်းရှိ ဆရာဦးကျော်နိုင်ထွန်းမြင့် ဓမ္မသုခရိပ်သာ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ ဇောဓိရိပ်ငြိမ်တောရကမ္မဋ္ဌာနာစရိယ ဗုဒ္ဓေါရသ အရှင်ဣန္ဒာစရိယသည် (၁၃၆၉ခု ပထမဝါဆိုလပြည့်ကျော် ၂ ရက်) ဇူလိုင် ၁ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ဟင်္သာတမြို့လုံးဆိုင်ရာ သုံးပင်ကွင်းရပ် ဆယ်ထပ်ကြီးဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်၍ မည်သူမဆို လာရောက်နာယူနိုင်ကြောင်း သိရသည်။ (က–ပ)

ပေးအပ်လှူဒါန်း

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဇွန် ၁၇ ရက်က မော်လမြိုင်မြို့ လှိုင်ရပ်ကွက် (ကြယ်သုံးလုံး အုတ်လုပ်ငန်းရှင်) ဦးလှမင်း–ဒေါ်ရီမြင့် မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဟော်ကီပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဟော်ကီအားကစား သရုပ်ပြ ပြိုင်ပွဲကို ဇွန် ၂၂ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ နိုင်ငံတကာအဆင့်မီ မြက်ခင်းတုဟော်ကီ အားကစားကွင်း၌ကျင်းပရာ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် မြင့်စိုးနှင့် အမှုဆောင်များ၊ ဖိတ်ကြား ထားသူများနှင့် ဟော်ကီအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲတွင် အမျိုးသမီးပြိုင်ပွဲ၌ အနီရောင်အသင်းနှင့် အဖြူရောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနီရောင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

သရေပွဲ

အမျိုးသားအသက် (၁၆)နှစ်အောက် မျိုးဆက်သစ်လူငယ် အားကစားသမားများအား အဖြူရောင်အသင်းနှင့် အနီရောင်အသင်းဟူ၍ နှစ်သင်းခွဲကစားကြရာ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသော ပဏာမ မြန်မာဟော်ကီ လက်ရွေးစင် အားကစားသမားများအား အဖြူရောင်အသင်းနှင့် အနီရောင်အသင်းဟူ၍ နှစ်သင်းခွဲကစားကြရာ ဂိုးမရှိသရေဖြစ်သွားသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမျိုးသမီး ဟော်ကီဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်လှမြင့်က အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမား ဆုရရှိသော မဇွန်ပွင့်ဖြူအား လည်းကောင်း၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမှုဆောင်ဦးဇော်ဝင်းက အသက် (၁၆)နှစ်အောက် မျိုးဆက်သစ်လူငယ်ပြိုင်ပွဲတွင် အကောင်းဆုံးအားကစား သမားဆုရရှိသော ဟိန်းစည်အောင် အားလည်းကောင်း၊ ပဏာမ လက်ရွေးစင် ဟော်ကီအသင်း စခန်းတာဝန်ခံ ဦးကျော်ငွေးသိန်းက ပဏာမ မြန်မာ့လက်ရွေးစင် ဟော်ကီ အားကစားသမားများ ပါဝင်သော ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိသော သူရကျော်အား အကောင်းဆုံး အားကစားသမားဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အမှုဆောင် ဦးဝင်းထူးက အမျိုးသမီး ဟော်ကီအသင်းအား ၂၀၀၇ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အမှတ်တရဆုကိုလည်းကောင်း၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က အမျိုးသား အသက် (၁၆)နှစ်အောက် မျိုးဆက်သစ်လူငယ် ဟော်ကီ အသင်းအား ၂၀၀၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အမှတ်တရဆုကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် မြင့်စိုးက ပဏာမမြန်မာ့ လက်ရွေးစင် ဟော်ကီအသင်းအား ၂၀၀၇ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အမှတ်တရဆုကို ပေးအပ် ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုးက ပဏာမ မြန်မာ့ လက်ရွေးစင် ဟော်ကီ အသင်းအား ၂၀၀၇ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အမှတ်တရဆု ပေးအပ်ချီးမြှင့်စဉ်။

(ဟော်ကီအဖွဲ့ချုပ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း မာလာလမ်းသွယ်နေ ဦးထွန်းထွန်းလှိုင် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကွယ်လွန်သူမိဘနှစ်ပါးနှင့် ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ဝေတို့အား ရည်စူး၍ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်းနေ ဒေါ်ကျင်မြက မဟာစည်ထာဝရဆွမ်းပဒေသာပင် အပင် ၂၀ အတွက် ကျပ်နှစ်သိန်းကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နာယကကြီး ဦးတင်ဝမ်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ(ရွှေသီဂီရိတနာဓမ္မာရုံ၊ အမှတ်-၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ မန္တလေးမြို့ စိန်ပန်းမင်းသားရပ် စိတ္တသုခလမ်းနေ ဦးအေးဆွေ အသက်၉၀ပြည့် မွေးနေ့အတွက် ဦးအေးဆွေနှင့် သားသမီးတူ၊ တူမ ဆွေမျိုးတစ်စုက ကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ ဖခင်ကြီး ဦးချစ်မြိုင်အားရည်စူး၍ ရန်ကုန်မြို့ ကျောက်မြောင်း ဓမ္မစိန္တာလမ်းနေ မိခင် ဒေါ်မြနှင့် သား၊ သမီး၊ မြေး၊ မြစ်တစ်စုက အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (E-National Task Force) ဒုတိယ ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးအောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ ဇွန် ၁၈ရက်မှ ၁၉ရက်အထိ ကျင်းပသည့် ဝန်ကြီးအဆင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ ညှိနှိုင်းရေး အစည်းအဝေး (3rd Infocomm Media Business Exchange Ministerial Forum) သို့ တက်ရောက်ခဲ့ပြီး ဇွန် ၂၂ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးတင့်လွင်လည်း ပြန်လည်လိုက်ပါလာသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် ဝန်ကြီးအဆင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ ညှိနှိုင်းရေးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "သက်ဆုံးတိုင်"**
- ၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၂၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၅ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဤမှန်သောသစ္စာတရားကြောင့်" (အပိုင်း-၁၄)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဋ္ဌိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းလောကမုန်တိုင်း" (ဒုတိယတွဲ) (အပိုင်း-၇)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

စစ်ကိုင်းမြို့နယ် နတ်ခရိုင်ကျေးရွာစက်ရေတွင်းတူးဖော်

စစ်ကိုင်း ဇွန် ၄

စစ်ကိုင်းတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူးဦးဝင်းဆွေနှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့နှင့် ဇွန် ၄ ရက် နံနက်က စစ်ကိုင်းမြို့နယ် နတ်ခရိုင် ကျေးရွာစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

နတ်ခရိုင် ကျေးရွာစက်ရေတွင်းကို ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့နေ Ms Song Jeong Sookပါ သုံးဦး၏ လှူဒါန်းငွေကျပ် သိန်း ၂၀ ဖြင့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိပြီး အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

ဆေးလိပ်အန္တရာယ် ပညာပေးဟောပြော

မိုးမောက် ဇွန် ၁၀

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ၂၀၀၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို မေ ၃၁ ရက်က မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နီသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိုးမိုးမင်းက ဆေးလိပ်အန္တရာယ် ကာကွယ်တားဆီးရေးတို့ကို ပညာပေးဟောပြော ဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဓမ္မဝိဟာရီ သံဃာတော်များအတွက် ငွေလှူ

တောင်ငူ ဇွန် ၁၆

တောင်ငူမြို့နယ် သတင်းထောက် ဦးကျော်လှနှင့် ဒေါ်ဒေဝကီးဒေဝီတို့၏ ဇွန် ၁၆ ရက်တွင် ကျရောက်သည့် (၅၂)နှစ်မြောက် မင်္ဂလာရက်မြတ် အထိမ်းအမှတ် ကုသိုလ်တော်အဖြစ် သမာဓိမိသားစုက အလှူငွေကျပ် တစ်သိန်းကို တောင်ငူမြို့ စည်ပင်ဂိုဏ်းအုပ် စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒာလင်္ကာရ၏ ရှေ့မှောက်တွင် ဓမ္မဝိဟာရီသံဃာတော်များအတွက် ပေးအပ်လှူဒါန်းရာ ကပ္ပိယကာရက ဆရာကြီး ဦးရန်အောင်(ဩ/သု)က လက်ခံရယူပြီး အလှူရှင်မိသားစုများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(အပေါ်ပုံ) (၄၇၂)

မြန်မာမင်းများလက်ထက် လုံခြုံရေးအစီအမံများ စာတမ်းဖတ်ကြား

ရန်ကုန် ဇွန် ၂၃

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန မြန်မာ့သမိုင်း ပညာရှင်အဖွဲ့ဝင် ဒေါက်တာတိုးလှသည် ဇွန် ၅ရက်တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ မြန်မာမင်းများလက်ထက် လုံခြုံရေးအစီအမံများစာတမ်းကို ဖတ်ကြားသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံ ဝိဇ္ဇာ-သိပ္ပံပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက သဘာပတိ အဖြစ် ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဒေါက်တာမျိုးသန့်တင်ကဆောင်ရွက်သည်။ စာတမ်းဖတ်ပွဲသို့ ဝိဇ္ဇာ-သိပ္ပံ ပညာရှင်များအဖွဲ့-အဖွဲ့ဝင်များ၊ သမိုင်းသုတေသနဦးစီးဌာန သုတေသနအရာရှိများ၊ ရန်ကုန် တက္ကသိုလ် သမိုင်းဌာနမှ ဆရာ၊ ဆရာမများ၊ ပါရဂူသင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် စိမ်းမြသာယာ ပျိုးဥယျာဉ်ခြံအတွင်း စိုက်ပျိုးထားသော ကြက်ဆူပင်များကို ဝန်ထမ်းများ ပေါင်းရှင်း မြေတောင်မြှောက် ဆောင်ရွက်ရာ မေ ၂၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

စီမံကိန်းတာဝန်ပေးအပ်

ကနီ ဇွန် ၁၂

မုံရွာခရိုင် ကနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၇-၂၀၀၈ ခုနှစ် စီးပွားရေး စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးကျော်စိုးမင်းက အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဘိုလေးက စီမံကိန်းတာဝန်များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သီးနှံများပန်းတိုင် အထွက်နှုန်းရရှိရေး နည်းလမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့က နွှေစပါးခြွေလှေ့ပွဲကို လက်ပံတန်းမြို့နယ် ငွေးတောက်ကွင်း ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၅၈) လယ်သမားကြီး ဦးညီညီ၏ လယ်မြေတွင် ဇွန် ၁၀ ရက်က ကျင်းပရာ သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသက်ခိုင်နှင့် အဖွဲ့ဝင်များ၊ လက်ပံတန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးကြည်နှင့် အဖွဲ့ဝင်များ စုပေါင်းရိတ်သိမ်းခြွေလှေ့ကြစဉ်။

(ခရိုင်ပြန်/ဆက်)

ပဲခူးမြို့ အောင်စေတီစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးပရဟိတကျောင်းအတွက် လှူဒါန်းနိုင်

ပဲခူး ဇွန် ၁၀

ပဲခူးမြို့ ကျောက်တွင်းကုန်းရပ် ရန်ကုန်-မန္တလေးလမ်းဘေး၌ အမှတ်(၁၄)အောင်စေတီ စာသင်တိုက်၊ ဘုန်းတော်ကြီးသင် ပညာရေးပရဟိတ ကျောင်းတွင် မူလတန်းအဆင့်မှရှစ်တန်းအထိ မိဘမဲ့ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၀၀ ကျော် စာသင်ပေးရန်၊ စာသင်ခန်း အဆောက်အအုံတိုးချဲ့ရေး အပါအဝင် သင်ထောက်ကူပစ္စည်းများ၊ အာဟာရဒါန၊ ဆေးဝါးဒါန အလှူရှင် လိုအပ်နေပါ၍ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာ ဖုန်း-၀၉-၅၃၀-၁၉၉၆၊ ၀၅၂-၂၃၉၅၃ သို့ အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပျိုးပင်များ သတ်မှတ်အရေအတွက် ပြည့်မီရေးအတွက် ပျိုးထောင်စိုက်ပျိုးခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းကို ဇွန် ၁၅ ရက်က အမှုဆောင်အရာရှိဦးအောင်ကျော်ဟိုးဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

စစ်ဆေး

မအူပင်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် ၁၅၀၀၀၀ စိုက်ပျိုးထားသည့် ပျိုးဥယျာဉ်သို့ ဇွန် ၁၆ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ လှည့်လည်ကြည့်ရှု စစ်ဆေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

လမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရှင်စောပုဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချမှုကို မေ ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်တာဝန်ခံနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မိုးရာသီ စိုက်စရိတ်များထုတ်ချေး

မိုးကောင်း ဇွန် ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးအေးမြင့်နှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား ၂၀၀၇ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကို စိုက်ပျိုးချိန်အမီ လွယ်ကူလျင်မြန်စွာ ထုတ်ချေးပေးရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဘဏ်လုပ်ငန်းဖြင့် အထောက်အကူပြုစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်အထိ ကျေးရွာ ၂၂ အုပ်စုမှ တောင်သူ ၁၅၃၀ တို့အား မိုးစပါး ၁၄၁၅၁ ဧကစိုက်ပျိုးရန် ငွေကျပ် ၉၉၀၅၇၀၀၀ ထုတ်ချေးပေးနိုင်ခဲ့သည်။

မိုးကောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ယခုနှစ်တွင် ကျေးရွာ၃၇ အုပ်စုရှိ တောင်သူများအား မိုးစပါး ၃၅၈၂၅ ဧကစိုက်ပျိုးရန် စုစုပေါင်း ငွေကျပ် ၂၅၀၇၇၅၀၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **(၄၉၉)**

ပုဇွန်တောင်မြို့နယ် (၂၄)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆုပေးပွဲအခမ်းအနားကို မြသိန်းတန်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ဇွန် ၂၃ ရက်က ကျင်းပရာ မြသိန်းတန်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘန တတိယဆင့်အောင်မြင်သူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၂၃)

နှစ်ဖက်မိဘများအား အမှူးထား၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၂)ရပ်ကွက် ဦးကြင်ဥလမ်းနေ ဗိုလ်မှူးကျော်မိုး(ငြိမ်း)-ဒေါ်ဖြူဖြူမြင့်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ဇွန် ၂၀ရက်က အမက(၂၂)တာမွေမြို့နယ်တွင် ဦးငွေအောင်-ဒေါ်သန်းသန်းမြင့်တို့၏သမီး ပထမတန်းမှ မရွှေရည်ဝင်း၊ မငွေရည်ဝင်းအမြွှာ ညီအစ်မ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသူကျောင်းသားများအား ကြက်သားကြာဆံကြော်နှင့် ရေခဲမုန့်အာဟာရ ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းငွေး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။(က-ပ)

မင်္ဂလာဗျူဟာအသင်း ပရဟိတအဖွဲ့ သက်ကြီးဘိုးဘွားများ ပူဇော်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

မင်္ဂလာဗျူဟာအသင်းချုပ်၏ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ တည်ထောင်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ အသက်(၁၀၀)နှင့်အထက် အဘိုး၊ အဘွား ၇၂ ဦး တို့အား ပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်၌ကျင်းပရာ မင်္ဂလာဗျူဟာအသင်းချုပ်ဥက္ကဋ္ဌ ဦးကြည်တွဲက အမှာစကားပြောကြားသည်။

ယင်းနောက် မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမောင် (မင်းယုဝေ)က အခမ်းအနား ကျင်းပရခြင်း အကြောင်းကို ရှင်းပြပြောကြားပြီး တက်ရောက်လာကြသော အဘိုး၊ အဘွားများနှင့် အမှုဆောင်များက မိတ်ဆက်စကားပြောကြားကြသည်။

ဆက်လက်၍ အဘိုး၊ အဘွားများအား ကန်တော့ကြပြီး ပူဇော်ငွေနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အဘိုး၊ အဘွားတစ်ဦးချင်းက ဆုတောင်းစကားပြောကြားကြပြီး ပူဇော်ပွဲအတွက် ငွေကျပ် ၁၀၀၀၀အထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၃

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ နာယကဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရသည် ဇူလိုင် ၁ရက်မှ ၇ရက်ထိ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် ဇွန် ၃၀ ရက် ညနေအရောက် လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာဖုန်း-၀၉-၅၃၀၂၀၉၂၊ ၀၉-၅၁၀၄၆၆၉၊ ကိုကျော်နိုင် (ပဲခူး)ဖုန်း-၀၉-၅၃၀၁၅၃၇၊၀၅၂-၂၃၂၆၃၊ ကိုကျော်ဆန်း (ရန်ကုန်)ဖုန်း-၀၉- ၅၀၁၇၂၉၄ တို့ထံ စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

၂၀၀၇ - ၂၀၀၈ ခုနှစ်တွင် တောင်ကုတ်မြို့ ဆေးရုံကွက်သစ်(၃)လမ်းကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ကျောက်များ စုဆောင်းထားမှု အခြေအနေကို မေ ၁၁ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်အေးတို့ ရှင်းလင်းတင်ပြစဉ်။(မြို့နယ်/စည်ပင်)

တာချီလိတ်ခရိုင်ရဲ တပ်ဖွဲ့ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၂၃

တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင် သား၊ သမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားအား ဇွန် ၁၆ရက် နံနက် ၁၀နာရီက တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ အခမ်းအနားတွင် ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တာချီလိတ်ရဲစခန်း၊ တာလေရဲစခန်း၊ ကျိုင်းလပ်ရဲစခန်း၊ မိုင်းလင်းရဲစခန်း၊ ဝမ်ပုံရဲစခန်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များ၏ သား၊ သမီး ၁၈၂ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၉၈၅၀၀၀၊ မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များ၏ သား၊ သမီး ၄၅ ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၁၃၂၀၀၀ တို့အား ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသူကျောင်းသားများအတွက် စာရေးကိရိယာများအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနိုင်၊ ရဲမှူး(ဦးစီး) ဦးကောက်နှင့် မူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူ အရာရှိ ရဲမှူးမြင့်ဦးတို့က ကျောင်းသူ၊ ကျောင်းသားတစ်ဦးချင်းအား ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် တပ်ဖွဲ့ဝင်များကိုယ်စား တာချီလိတ်ရဲတပ်ဖွဲ့စခန်း စခန်းမှူး၏ ဇနီး ဒေါ်မိမိအောင်နှင့် တပ်ဖွဲ့ဝင်များ၏ သား၊ သမီးများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားအား ရုပ်သိမ်းလိုက်သည်။

ယင်းအခမ်းအနားတွင် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်မိသားစုများ၏သား၊ သမီး မူလတန်းအဆင့် ၉၉ဦး၊ အလယ်တန်းအဆင့် ၅၈ဦး၊ အထက်တန်းအဆင့် ၄၁ဦး၊ တက္ကသိုလ်အဆင့် ၂၉ဦး တို့အား စုစုပေါင်း ငွေကျပ် ၁၁၁၇၀၀၀ အား ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ကြေးမုံ)

မုတ်သုံလေအား အသင့်အတင့်ရှိမည်

ရန်ကုန် ဇွန် ၂၃

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဇွန် ၂၄ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ရန်ကုန်တိုင်းနှင့်ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊မွန်ပြည်နယ်၊ကရင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။မြန်မာ့ပင်လယ်ပြင်တွင်လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် မုတ်သုံလေအားအသင့်အတင့်ရှိမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဘဝအကြောင်းတစေ့တစောင်းတရားတော် အရှင်သုစိတ္တ(နေနတ်သားဆရာတော်)
၈း၀၀	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	သွင်းကုန်အစားထိုး လျှပ်စစ်ခေါင်းအိုး
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	နိုင်ငံတကာအနုပညာရေးရာ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၁၀	ဂျစ်ဆိုမှဂျစ်
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ရွှေတောင်စက်ရုံစွမ်းပကားစက်မှု(၁)ရဲ့အား
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	Eleven Media Group မှ မြန်မာ့ဘောလုံးသမိုင်းမှတ်တမ်းစာအုပ်လှူဒါန်းပွဲ အခမ်းအနား
၁၁း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅	မိုးလေဝသခန့်မှန်းချက်
၁၁း၃၅	နည်းပညာသစ်ဆန်း MSP အစွမ်း
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	မြန်မာ့လက်မှုယွန်းအနုပညာ
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၅	ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

GRAND WYNN ENTERPRISES LTD ၏ LOLANE HAIR & SKIN CAREအလှကုန်ပစ္စည်း ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းတွင် လုပ်ငန်းအတွေ့အကြုံရှိပြီး မိမိကိုယ်မိမိ ယုံကြည်မှုရှိ၍ တက်ကြွသွက်လက် ဖျတ်လတ်သော အလုပ်ကို အထူးကြိုးစားလိုစိတ်ရှိသူများ အောက်ပါအလုပ်နေရာများအတွက် လျှောက်ထားနိုင်ပါသည်-

၁။ **HUMAN RESOURCE MANAGER** ကျား/မ (၁)ဦး
- ဘွဲ့ရ၊ MBA/DMA၊အသက်(၄၀-၄၅)နှစ်၊လုပ်ငန်း အတွေ့အကြုံ(၅)နှစ် ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူ

၂။ **ADMINISTRATION MANAGER** ကျား (၁)ဦး
- ဘွဲ့ရ၊ အသက် (၃၅-၄၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်

၃။ **SECRETARY** (၂)ဦး
- ဘွဲ့ရ၊ လုပ်သက်(၃)နှစ်ရှိသူ၊Fax,E-mail,Internet ကောင်းမွန်စွာ အသုံးပြုတတ်သူ
- Export/Import လုပ်ငန်းအတွေ့အကြုံ၊ အင်္ဂလိပ်စာ အရေး၊ အပြော ကျွမ်းကျင်သူ၊
- ရုံးလုပ်ငန်း Filling/Documents စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းနိုင်သူ
- Foreigner များနှင့် ပြောဆိုဆက်ဆံနိုင်သူ

၄။ **FINANCIAL CONSULTANAT** ကျား/မ (၁)ဦး
- CPA (သို့) B.Com (သို့) RA ဘွဲ့ရရှိသူ၊ အသက်(၄၅)နှစ်အထက်ရှိသူ
- စာရင်းလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၀)နှစ်
- ကုမ္ပဏီတစ်ခုလုံး ဘဏ္ဍာရေးစာရင်းရေးဆွဲခြင်းကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်သူ
- ဘဏ္ဍာရေးသုံးသပ်တင်ပြချက်များနှင့် အကြံပြုတင်ပြ အစီရင်ခံနိုင်သူ
- Computerized Accounting Software တတ်ကျွမ်းသူ

၅။ **CHIEF ACCOUNTANT** မ (၁)ဦး
- CPA (သို့) B.Com ဘွဲ့ရရှိသူ၊ အသက်(၄၀)နှစ်အထက်ရှိသူ
- စာရင်းနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ(၅)နှစ်
- Computerized Accounting Software တတ်ကျွမ်းသူ

၆။ **ACCOUNTANT** ကျား/မ (၂)ဦး
- B.Com (သို့) LCCI Level (III)ရရှိသူ၊ အသက်(၃၅)နှစ်အောက်ရှိသူ စာရင်းနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ(၃)နှစ်
- Computerized Accounting Software တတ်ကျွမ်းသူ

၇။ **SALES & MARKETING MANAGER** ကျား/မ(၂)ဦး
- ဘွဲ့ရ၊ အသက်(၃၅-၄၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်
- Sales Team များကို ကောင်းမွန်စွာ ဦးဆောင်နိုင်သူ
- Marketing နှင့် စီမံအုပ်ချုပ်မှုပိုင်းတွင် ကျွမ်းကျင်စွာလုပ်ဆောင်နိုင်သူ

ကြော်ငြာပါပြီး (၁၀)ရက်အတွင်း ကိုယ်ရေးရာဇဝင်အကျဉ်း၊ မကြာသေးခင်က ရိုက်ကူးထားသည့်Color ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းနှင့် ရယကထောက်ခံချက်၊ လုပ်ငန်းအတွေ့အကြုံ၊ ထောက်ခံစာမိတ္တူများနှင့်အတူ အောက်ဖော်ပြပါလိပ်စာသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ အမှတ်စဉ်အားလုံးအတွက် အင်္ဂလိပ်ဘာသာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူ၊ Computer IT Knowledge /Team Work Building /Leadership Ability ရှိရမည်။ အလုပ်ကို အမှန်တကယ်အားထည့်လုပ်ဆောင်နိုင်သူဖြစ်ရမည်။

GRAND WYNN ENTERPRISES LTD. (LOLANE COMPLEX)

အမှတ်(၃၈)၊ ၆၇လမ်း၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

စာတိုက်သေတ္တာအမှတ်-၁၆၂၊ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၁၁၈၊ ၂၉၄၀၀၂